# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၅၆)၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ ၂၄-၁-၂၀၂၆၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၂၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကြီးမှူးကျင်းပသည့် (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းရှိ မြမာလာဥယျာဉ်အတွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်လုပ်ငန်းရှင်များအနေဖြင့် လာရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို မြို့တော်စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများအတွက် ပြည်သူလူထု စိတ်ပါဝင်စားလာစေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်၊ အိမ်တိုင်းအိမ်တိုင်း စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ခြင်းဖြင့် မန္တလေးမြို့တော်အား ဥယျာဉ်မြို့တော်အဖြစ် တည်ဆောက်ထိန်းသိမ်းရာ၌ အထောက်အကူဖြစ်လာစေရန်၊ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန် အဆင့်မြင့်စိုက်ပျိုးနည်းပညာများဖလှယ်နိုင်စေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် မျိုးကောင်းမျိုးသန့်များ ပြန့်ပွားနိုင်စေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် မျိုးကောင်းများကို အိမ်တိုင်းအိမ်တိုင်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းမှသည် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်ကို အထောက်အကူဖြစ်စေရန်စသည့် ရည်ရွယ်ချက် (၅)ချက်ဖြင့် နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ရာ ယခုနှစ်တွင်(၂၂)ကြိမ်မြောက်ကျင်းပခြင်းဖြစ်သည်။

ယခုနှစ် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့်အတူ မြမာလာဥယျာဉ်အတွင်း၌ မြို့တော်သူ မြို့တော်သားများ လာရောက်အပန်းဖြေနိုင်ရန် သစ်သီး၊ ဝလံ၊ ပန်းမန် ကိုယ်စားပြုပုံဖော်ထားသည့် အလှဆင်ပန်းဝိုင်းကြီး(၃)ခုကို ပြုလုပ်ထားပြီး အလှဓာတ်ပုံရိုက်ကူးရန် နေရာများကိုလည်း ပြင်ဆင်ပေးထားကြောင်းနှင့် ဌာနဆိုင်ရာ ပြခန်း(၁၆)ခန်း၊ အရောင်းပြခန်း(၇)ခန်း၊ ပျိုးပင်အရောင်းဆိုင်(၁၈)ဆိုင်တို့ ပါဝင်ခင်းကျင်းပြသသွားပြီး ပွဲတော်ကာလအတွင်း လာရောက်လေ့လာလည်ပတ်သည့် မိဘပြည်သူများကို ပျိုးပင်များ လက်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ သိရသည်။




ယခုနှစ်ပြိုင်ပွဲတွင် ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန်ပြိုင်ပွဲအမျိုးအစားအလိုက် ကျင်းပသွားမည်ဖြစ်ပြီး ဆုများ ချီးမြှင့်မည်ဖြစ်သည်။ ဆုအများဆုံးရရှိသည့် ပြိုင်ပွဲဝင်ကို တံခွန်စိုက်ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း နှင့်ပြိုင်ပွဲဝင်များအနေဖြင့် ၁၀-၂-၂၀၂၆ ရက်မှ ၁၁-၂-၂၀၂၆ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ပြိုင်ပွဲဝင်ပစ္စည်းများကို မြမာလာဥယျာဉ်အတွင်းရှိ ကွပ်ကဲရေးရုံးသို့ ပေးပို့ရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန ဖုန်း ၀၉-၂၀၁၉၃၉၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ရွှေမန်း(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြညာခြင်း

၁။ ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC-I တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါအခမ်းအနား ကျင်းပမည့်နေရာကန့်သတ်ချက်အရသတင်းမီဒီယာသမားဦးရေအား A Zone၊ B Zone ခွဲခြားသတ်မှတ်ကာ သတင်းရယူစေမည်ဖြစ်ပါသည်။ သို့ပါ၍ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသည့် သတင်းမီဒီယာများအနေဖြင့် သတင်းမီဒီယာတစ်ခုလျှင် နှစ်ဦးနှုန်းဖြင့် ခွင့်ပြုပေးမည်ဖြစ်ပါ၍ အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ ရာထူးတာဝန်၊ သတင်းဌာနအမည်စသည့် သတ်မှတ်လျှောက်လွှာပုံစံပါ အချက်အလက်များကို ဖြည့်စွက်ကာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ (နေပြည်တော်)၊ ၀၆၇-၃၄၁၂၁၄၃၊ iprd.crd.npt@gmail.com၊ (ရန်ကုန်) ၀၁-၅၄၄၅၈၂၊ iprd.crd.ygn@gmail.com သို့ ၂၈-၁-၂၀၂၆ ရက်နေ့အရောက် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

နေပြည်တော် ဇန်နဝါရီ ၂၃

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီးကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ စနေနေ့။

မန္တလေး နေ့စဉ်

## မွေးမြူရေးကဏ္ဍတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးသုတေသနဦးစီးဌာနအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၅)ဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မွေးမြူရေးတောင်သူ အခြေပြုစိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများကို စားမြုံ့ပြန်သတ္တဝါ (ဒေသနွား၊သိုး၊ဆိတ်)များအတွက် အာဟာရပြည့်ဝသည့်အစာအဖြစ် ပြုပြင်ကျွေးမွေး၍ တစ်နိုင်တစ်ပိုင် မွေးမြူထုတ်လုပ်ရေးကို မြှင့်တင်ခြင်းစီမံကိန်း ဆောင်ရွက်လျက်ရှိသည်။

တိရစ္ဆာန်မွေးမြူရေး အောင်မြင်စေရန်နှင့် ရေရှည်တည်တံ့စေရန် မွေးမြူသူများအတွက် ကုန်ကျစရိတ်သက်သာမည့် တိရစ္ဆာန်အစာများ စဉ်ဆက်မပြတ်ရရှိနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပေါများစွာထွက်ရှိသည့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများဖြစ်သော ကောက်ရိုး၊ ပြောင်းရိုးနှင့် ကောက်ပဲသီးနှံဘေးထွက်ပစ္စည်းများကို အာဟာရတန်ဖိုးမြှင့်မားပြီး တိရစ္ဆာန်အစာအဖြစ် အကျိုးရှိစွာ အသုံးပြုနိုင်အောင်ပြုပြင်၍ စားမြုံ့ပြန်သတ္တဝါများအတွက် အစာကြမ်းရှားပါးချိန်၌ အသုံးပြုနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သော အစာကြမ်းရရှိရန် စားကျက်ပင်စိုက်ပျိုးခြင်း နည်းပညာများလည်း လိုအပ်လျက်ရှိကြောင်း။

ယခုစီမံကိန်းအနေဖြင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို စီးပွားဖြစ်တန်ဖိုးရှိသော တိရစ္ဆာန်အစာအဖြစ် ပြောင်းလဲခြင်းဖြင့် ဒေသတွင်းရှိ သဘာဝအရင်းအမြစ်များ၏ ထိရောက်သောအသုံးချမှုကို မြှင့်တင်ရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအကြားဆက်နွယ်မှုကို အားကောင်းစေပြီး ကျေးလက်မွေးမြူတောင်သူများ၏ ဝင်ငွေအရင်းအမြစ်ကို တိုးပွားစေကာ စီးပွားရေးတည်မြဲမှုကို မြှင့်တင်ရန်၊ နည်းပညာအခြေပြု ကုန်ကျစရိတ်သက်သာပြီး ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော မွေးမြူရေးနည်းစနစ်များကို ဖြန့်ဝေခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်မှုနှင့် လူနေမှုအဆင့်အတန်းမြှင့်တင်ရန် ရည်ရွယ်ဆောင်ရွက်မှုအပေါ် စီမံကိန်းတွင် ပူးပေါင်းပါဝင်ကြမည့်သူများအားလုံးက မျှော်မှန်းရလဒ်များပြည့်မီအောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် မင်္ဂလာသီရိဟိုတယ် Grand Ballroom ၌ ကျင်းပသည့် စီမံကိန်းမိတ်ဆက် အလုပ်ရုံဆွေးနွေးပွဲနှင့် နည်းပညာဆိုင်ရာသင်တန်းဖွင့်ပွဲတွင် ပြောကြားသည်။

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူက စီမံကိန်းဆောင်ရွက်ရခြင်းနှင့် စီမံကိန်းလုပ်ငန်းအစီအစဉ်ကို ရှင်းလင်းတင်ပြကြကာ စီမံကိန်းကျေးရွာများမှ ကိုယ်စားလှယ်များအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ကြသည်။

စီမံကိန်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဇေယျာသီရိမြို့နယ်၊ သစ်တပ်ကျေးရွာအုပ်စု ကြို့ပင်ရွာ၊ သပြေပင်ရွာနှင့် ရှားစီးဖိုကျေးရွာများတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ မွေးမြူသူတောင်သူများအတွက် မိမိတို့ပတ်ဝန်းကျင်မှရရှိသော စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများကို အရည်အသွေးကောင်းမွန်သော အစာကြမ်းအဖြစ် ပြုပြင်နည်းများ၊ ဖြည့်စွက်စာပြုလုပ် ကျွေးမွေးနည်းပညာများကို မွေးမြူရေးတောင်သူများသို့ ဖြန့်ဝေပေးပြီး လက်တွေ့လုပ်ဆောင်ကျွေးမွေးစေကာ မွေးမြူရေးကဏ္ဍတိုးတက်ရေးအတွက် စားမြုံ့ပြန်သတ္တဝါမွေးမြူရေးတွင် အဓိကကျသော အရည်အသွေးကောင်းမွန်သည့် အစာကြမ်းရရှိအောင် ပြုပြင်နည်းလမ်းများကို ဖြန့်ဝေသွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဝန်ထမ်းစာဖတ်ဝိုင်း ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၃**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အများပြည်သူများအား အသိပညာဗဟုသုတများစွာ ရရှိစေရေးအတွက် စာအုပ်၊ စာပေများကို ငှားရမ်းရာတွင် အထောက်အကူပြုစေရန် ဝန်ထမ်းစာဖတ်ဝိုင်းကို ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က စာရေးဆရာမကြီးခင်ဆွေဦး ရေးသားသော “ဒို့တိုင်းဌာနီ” စာအုပ်တွင်ပါသော မှတ်သားဖွယ်ရာ အကြောင်းအရာများအား ဖတ်ကြားခဲ့ပြီး ဒုတိယဦးစီးမှူး ဒေါ်ခိုင်သန္တာလွင်က ထပ်မံဖတ်ကြားခဲ့ကာ စာအုပ်တွင်ပါသော သိမှတ်ဖွယ်ရာများအား ဝန်ထမ်းများက ထင်မြင်ယူဆချက်များကို ဆွေးနွေးပြောကြားခဲ့သည်။

ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အများပြည်သူများအား သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ရေး၊ ကျောင်းသားလူငယ်များအား ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ အသိပညာဗဟုသုတများစွာကို ပေးစွမ်းနိုင်စေရေးစသည့် လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**

၀-၀-၀-၀-၀

**သတင်းများ**
**Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အိုးဘို ရပ်ကွက်၊ ၁လမ်း၊ ၇၅လမ်းနှင့် ၇၆လမ်းကြားနှင့် ချမ်းအေးသာစံ ၇၁လမ်းနှင့် ၇၂လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။



သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်အတိုင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

အမိန့်အမှတ်၊ ၁ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် )

**စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

အမိန့်အမှတ်၊ ၂ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် )

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးသက်ဝင်းအောင် | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) | ဗိုလ်ချုပ် မင်းသူ | ပြည်ထဲရေးဝန်ကြီးဌာန |
| (၃) | ဦးသွင်အောင် | စက်မှုဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း ဘယ်လာရုစ်သမ္မတနိုင်ငံ ဘယ်လာရုစ်ပါတီဥက္ကဋ္ဌ Ms. Vohla N. Chamadanova ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းသည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဘယ်လာရုစ်ပါတီ (Belarusian Party Belaya Rus) ဥက္ကဋ္ဌ Ms. Vohla N. Chamadanova ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ မွန်းလွဲ၂ နာရီတွင် ရန်ကုန်မြို့ Park Royal Hotel ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁) နှင့် အပိုင်း(၂)ကို ဥပဒေနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ လွတ်လပ်မျှတစွာ ကျင်းပနိုင်ခဲ့သည့် အခြေအနေများ၊ နိုင်ငံတကာနှင့် ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့များကိုဖိတ်ခေါ်၍စောင့်ကြည့်လေ့လာခွင့်ပြုခဲ့သည့် အခြေအနေများ၊ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများကိုပွင့်လင်းမြင်သာစွာ သတင်းရယူနိုင်ရေး ဆောင်ရွက်ပေးခဲ့မှု၊ ကျင်းပပြီးသည့် အပိုင်းလိုက် ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးမှုနှင့် မဲပေးရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခဲ့မှု၊ ပြည်တွင်း၊ ပြည်ပ ကြိုတင်ဆန္ဒမဲပေးမှု အခြေအနေများ၊ ပြောင်းလဲကျင့်သုံးသည့် ရွေးကောက်ပွဲစနစ်ဆိုင်ရာ အကြောင်းအရာများ၊ ရွေးကောက်ပွဲ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ စနစ်တကျဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ပြီး ရွေးကောက်ပွဲ အပိုင်း(၃)ကို အောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင် ဆောင်ရွက်မှုနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ ဘယ်လာရုစ်ပါတီဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁)နှင့် အပိုင်း(၂)ကို လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲအဖြစ် အောင်မြင်အောင် ကျင်းပနိုင်ခဲ့သည့်အတွက် ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာ၊ အချက်အလက်များနှင့် စပ်လျဉ်း၍ ပြည့်စုံစွာရှင်းလင်း ပြောကြားပေးမှုနှင့် ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရန် ဖိတ်ကြားမှုအတွက် ကျေးဇူးတင်ပါကြောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံမှ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ရွေးကောက်ပွဲ အပိုင်း(၁)တွင် လာရောက်လေ့လာခဲ့ကြပြီး ယခုအခါ ဇန်နဝါရီ ၂၅ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း(၃)သို့ ထပ်မံလာရောက် လေ့လာခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဟန္နိုင်းအခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Uladzimir BARAVIKOU က ရွေးကောက်ပွဲ အပိုင်း(၁) စောင့်ကြည့် လေ့လာခဲ့ရာတွင် တွေ့ရှိရသည့် အခြေအနေ၊ ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ စနစ်တကျ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ထားမှုများအပေါ် သုံးသပ် တွေ့ရှိချက်ကို ရင်းနှီး ပွင့်လင်းစွာဆွေးနွေးပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့မှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃) သို့ လာရောက်လေ့လာကြမည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ရန်ကုန်မြို့သို့ ရောက်ရှိ



ရန်ကုန် ဇန်နဝါရီ ၂၃

ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃) သို့ လာရောက်လေ့လာကြမည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် လေကြောင်းခရီးစဉ်များဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအဖြစ် အိန္ဒိယနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ဘယ်လာရုစ်ပါတီမှ Ms. Vohila N. Chamadanova ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၁ ရက် ညပိုင်းတွင်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Ms. Yusti Erina ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နီပေါနိုင်ငံရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Dr. Janaki Kumari Tuladhar ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင်လည်းကောင်း ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

အလားတူ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Yich Samethy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါနိုင်ငံမှ Mr. Mario Jose Armengol Campos ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် International Conference of Asian Political Parties (ICAPP) အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ Dr. Chheng Kimlong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ရောက်ရှိကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) သို့သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များကို မြန်မာနိုင်ငံ ကိုယ်စားပြုပြီး မြန်မာနိုင်ငံနှင့် နိုင်ငံသူ နိုင်ငံသားများအတွက် တရားမျှတမှုရရှိရေးနှင့် အမှန်တရားအတွက် ဥပဒေနှင့်အညီအစွမ်းကုန်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့မှ နိုင်ငံတကာဥပဒေစည်းမျဉ်းများကို လေးစားလိုက်နာပြီး ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နေခြင်းကို အပြည့်အဝကြိုဆိုထောက်ခံအပ်ပါသည်။ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) မှ ဂုဏ်သရေရှိ တရားသူကြီးမင်းများအနေဖြင့်လည်း မှန်မြတ်သောတရားစီရင်ရေး ကျင့်ဝတ်သိက္ခာနှင့်အညီ အဆုံးအဖြတ်ပေးမည်ဟု မျှော်လင့်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာ၊ မြန်မာနိုင်ငံ၏ အကျိုးစီးပွားအတွက် တရားဥပဒေနှင့်အညီ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) သို့ သွားရောက်ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်သွေးတစ်သားတည်း ရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## ပိန္နဲကုန်းအာရ်ကာနီဂျာမေဗလီကြီး၏ သဘောထားကြေညာချက်

၂၀၂၀ ခုနှစ် ၊ ဇန်နဝါရီလ ( ၂၃ ) ရက်
(၁၃၈၇) ခုနှစ်၊ တပို့တွဲလဆန်း ( ၆ ) ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ( ၁၂ )ရက်နေ့မှ (၂၉) ရက်နေ့အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) သို့သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်လျက် မိမိတို့မြန်မာနိုင်ငံ၏ တာဝန်ယူမှုနှင့်ဂုဏ်သိက္ခာရှိသောလုပ်ရပ်တို့ကို ဖော်ညွှန်းပြသလျက်ရှိနေပါသည်။

**ပိန္နဲကုန်းအာရ်ကာနီဂျာမေဗလီကြီး**အနေဖြင့် မိမိတို့နိုင်ငံတော်အပေါ် မတရားစွပ်စွဲလုပ်ဆောင်မှုများကို တရားဥပဒေအပေါ် ယုံကြည်မှုအခြေခံ၍ ပြတ်ပြတ်သားသား ရင်ဆိုင်ဖြေရှင်းနေခြင်းကို အပြည့်အဝကြိုဆိုထောက်ခံပါသည်။ ယင်းကဲ့သို့ဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ပကတိဖြစ်စဉ်အမှန်များကို ပုံဖော်ပြသနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှသိရှိနားလည်သွားစေရန်နှင့် ယုံကြည်မှုရှိလာစေရေး အတွက်လည်း အရေးပါသောအချက်တစ်ခုပင်ဖြစ်ကြောင်း ယုံကြည်ပါသည်။

သို့ဖြစ်ပါ၍ **ပိန္နဲကုန်းအာရ်ကာနီဂျာမေဗလီကြီး**အနေဖြင့် နိုင်ငံတော်၏ကိုယ်စား ICJ သို့ သွားရောက်၍ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာတရား၊ အချုပ်အခြာအာဏာ၊ အကျိုးစီးပွားနှင့်သက်ဆိုင်သော ကိစ္စရပ်များအတွက် အမှန်တရားကိုရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အလေးအနက် ကြိုဆိုထောက်ခံဂုဏ်ပြု မှတ်တမ်းတင်အပ်ပါကြောင်းနှင့် မိမိတို့ **ပိန္နဲကုန်းအာရ်ကာနီဂျာမေဗလီကြီး**အနေဖြင့် နိုင်ငံတော်၏မူဝါဒသဘောထားများနှင့် တစ်သားတည်းရပ်တည်လျက်ရှိနေပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

ပိန္နဲကုန်းအာရ်ကာနီဂျာမေဗလီကြီး
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ပြည်သူလူထုသို့ အသိပေးနှိုးဆော်ချက်

ICJ ကြားနာပွဲတွင် မြန်မာနိုင်ငံကိုယ်စား သွားရောက်ဖြေရှင်းနေသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သော Agent of Myanmar အဖွဲ့အား ပြည်သူတစ်ရပ်လုံးအနေဖြင့် အားပေးထောက်ခံလျက်ရှိသည်ကို ဝမ်းသာဂုဏ်ယူဖွယ် မြင်တွေ့ရပါသည်။

အဖွဲ့အစည်းအသီးသီးမှ လူမှုကွန်ရက်ပေါ်တွင် ထောက်ခံအားပေးသည့် Post များ ရေးသားခြင်း၊ ထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်း၊ မြေပြင်ထောက်ခံပွဲများပြုလုပ်ခြင်းများကို မည်သူ့တိုက်တွန်းချက်မှမပါဘဲ အားတက်သရော လုပ်ဆောင်နေကြသည်ကို လေးစား ဂုဏ်ယူဖွယ် အသိအမှတ်ပြုပါသည်။

သို့ရာတွင် Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာ ဥပဒေများနှင့်အညီ တရားရင်ဆိုင်ဆဲကာလဖြစ်သဖြင့် အားပေးထောက်ခံမှုများအား လူမှုကွန်ရက်ပေါ်တွင်လည်းကောင်း၊ အဖွဲ့အစည်းများမှ မြို့/ရွာ အသီးသီးတွင် ထောက်ခံပွဲများပြုလုပ်ရာတွင်လည်းကောင်း အောက်ပါအချက်များအား အထူးသတိပြု လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(၁) ICJ တရားရုံးနှင့် တရားသူကြီးများအား ဝေဖန်ပုတ်ခတ်ခြင်း၊ ဖိအားပေးသည့်သဘော ရေးသားပြောဆိုခြင်းများ လုံးဝမပြုလုပ်ကြပါရန်။

(၂) လူမျိုးရေးခွဲခြားသည့် အသုံးအနှုန်းများ ရေးသားပြောဆိုခြင်း၊ လက်ကိုင်ဆိုင်းဘုတ် ပြုလုပ်ခြင်းများ မပြုလုပ်ကြပါရန်။

(၃) တိုင်းရင်းသား အမျိုးအမည်တွင် မပါဝင်သည့်၊ တိုင်းရင်းသားအဖြစ် မသတ်မှတ်ထားသည့် လူမျိုးအမည်အား သုံးစွဲပြီး ထိုအမည်အား အမုန်းစကား (Hate Speech) များ မပြုလုပ်ကြပါရန်။

(၄) Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ သက်သေအထောက်အထားခိုင်လုံစွာဖြင့် တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းနေကြောင်းကိုသာ ထောက်ခံရေးသားပြောဆိုကြပါရန်။

သတင်းအဖွဲ့

## မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ သဘောထားထုတ်ပြန်ချက်

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်

အာဖရိကတိုက် ဂမ်ဘီယာနိုင်ငံ၏စွပ်စွဲချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်နေ့မှ (၂၉)ရက်နေ့အထိ နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice) သို့သွားရောက်၍ စွပ်စွဲချက်များအား ဥပဒေနှင့်အညီဖြေရှင်းဆောင်ရွက်နေကြောင်း ကြားသိရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့်နိုင်ငံသားများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေးနှင့် ဥပဒေအရ မှန်ကန်တရားမျှတစွာဆုံးဖြတ်နိုင်ရေးတို့သည် လွန်စွာအရေးကြီးလှပေသည်။

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသည် ICJ ကြားနာပွဲတွင် သွားရောက်ဖြေရှင်းနေသည့် Agent of Myanmar အဖွဲ့မှ တာဝန်ရှိသူများနှင့် ဥပဒေပညာရှင်များအနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ သက်သေအထောက်အထားခိုင်လုံစွာဖြင့် နိုင်ငံတော်အတွက် အောင်မြင်စွာဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုလျက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ

## ICJ သို့သွားရောက်၍ ဥပဒေအရ ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုထောက်ခံ

သနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက် (၁/၂၀၂၀)
၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၂ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ(၁၂)ရက်နေ့မှ ဇန်နဝါရီလ (၂၉) ရက်နေ့အထိ နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) သို့သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏စွပ်စွဲချက်များအား ဥပဒေနှင့်အညီဖြေရှင်းဆောင်ရွက်နေခြင်းသည် နိုင်ငံတစ်နိုင်ငံအနေဖြင့် တာဝန်ယူမှုရှိသောလုပ်ရပ်တစ်ခု ဖြစ်ပြီး နိုင်ငံတကာဥပဒေစည်းမျဉ်းများကို လေးစားလိုက်နာလိုသည့်ဆန္ဒကိုလည်းဖော်ပြနေခြင်းဖြစ်ပါသည်။ သနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်အနေဖြင့် နိုင်ငံတော်နှင့်သက်ဆိုင်သော အငြင်းပွားမှုများကို တရားဥပဒေ၏မျှတမှုအပေါ် ယုံကြည်အခြေခံ၍ ထိရောက်ပြတ်သားစွာ ရင်ဆိုင်ဖြေရှင်းနေမှုကို အပြည့်အဝ ကြိုဆိုထောက်ခံပါသည်။ ယင်းကဲ့သို့ဆောင်ရွက်မှုသည် ပကတိဖြစ်စဉ်မှန်များကို ပုံဖော်ပေးနိုင်သကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း ပကတိဖြစ်စဉ်များအပေါ် သိရှိနားလည်စေမှာဖြစ်ပြီး ယုံကြည်မှု တည်ဆောက်ရေးအတွက်လည်း အရေးပါသော အခြေခံအချက်တစ်ရပ်ဖြစ်သည်ဟုယုံကြည်ပါသည်။ သို့ပါ၍ သနာတန ဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်အနေဖြင့် နိုင်ငံတော်၏ကိုယ်စား ICJ သို့သွားရောက်၍ ဥပဒေအရ ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုထောက်ခံ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်းနှင့် မိမိတို့အဖွဲ့ချုပ်အနေဖြင့် နိုင်ငံတော်၏ မူဝါဒသဘောထားများနှင့် တစ်သားတည်းရပ်တည်လျက်ရှိနေပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

သနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်
ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်

နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေဖို့ မဲပေးကြပါစို့

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲများ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၃

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။





ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပကြသည်။ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်း စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာ ခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ ပြောကြားကြပြီး သင်တန်းဆင်း ထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေး ပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၈)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကြသည်။



အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၈)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့်ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့် သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက်ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (Team Work)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ် (Patriotism)၊ အဖွဲ့အစည်းစိတ် (Team Sprit)၊ ရဲဘော်ရဲဘက်စိတ် (esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၈)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့ တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်-



၁။ ရရှိခဲ့တဲ့ဆုကတော့ စစ်ရေးပြအကောင်းဆုံးပါ။ တော်တော်လေး သင်ကြားခဲ့ရပါတယ်။ တော်တော်လည်း ခက်ခဲပါတယ်။ စစ်ရေးပြဆုဆိုတာကလည်း လွယ်တော့မလွယ်ပါဘူး။ တော်တော်လေးလည်း ကြိုးစားခဲ့ရပါတယ်။ အများကြီးကြားထဲကမှ တစ်ယောက်တည်း ထူးထူးချွန်ချွန်ရခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော် တပ်မတော်ကို ဝင်လာတဲ့ ရည်ရွယ်ချက် ရှိပါတယ်။ ကျွန်တော့်အဖေကလည်း စစ်မှုထမ်းပါ။ ကျွန်တော့် အစ်ကိုလည်း စစ်မှုထမ်းပါပဲ။ ဒီနိုင်ငံကို ဖျက်ဆီးနေတဲ့ ဒီသောင်းကျန်းသူလက်နက်ကိုင်တွေကို ချေမှုန်းချင်တဲ့စိတ်လည်း ပါပါတယ်။ အဲဒီရည်ရွယ်ချက်ကြောင့် ဝင်လာတာပါ။ ကျွန်တော်တို့ စစ်သားဘဝက ဘယ်နေရာရောက်ရောက် တာဝန်ထမ်းဆောင်ရမှာပဲ ဖြစ်ပါတယ်။

ရောက်တဲ့နေရာမှာလည်း ကိုယ့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်မှာပါ။



၂။ ကျွန်တော်ရရှိခဲ့တဲ့ ဆုအမျိုးအစားကတော့ ကျင့်ဝတ်(၆၀)ဆု ဖြစ်ပါတယ်။ ကျွန်တော် ကျင့်ဝတ်(၆၀)တစ်စောင်လုံးကို အလွတ်ကျက်ခဲ့ပါတယ်။ တပ်မတော်က ခေါ်ဆောင်တဲ့ ပြည်သူ့စစ်မှုထမ်းကာလမှာ အရပ်သားတွေမသိတဲ့ စစ်ပညာတွေကို ကျွန်တော်တို့ လေ့လာခွင့်ရရှိခဲ့ပါတယ်။ အဲဒီအတွက်လည်း တပ်မတော်ကြီးကို အထူး ကျေးဇူးတင်ရှိပါတယ်။ စစ်မှုထမ်းသက်တမ်းပြည့်တဲ့အထိ တာဝန်ကျေပွန်စွာ ထမ်းဆောင်ပါ့မယ်လို့ သန္နိဋ္ဌာန်ချထားပါတယ်။ တပ်မတော်ဆိုတာ ပြည်သူလူထုကို ကာကွယ်ဖို့၊ စောင့်ရှောက်ဖို့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ မိမိရောက်ရှိတဲ့ တပ်ရင်းတွေမှာ၊ မိမိရောက်တဲ့ ဒေသ၊ မိမိရောက်ရှိတဲ့ တိုင်းစစ်ဌာနချုပ်တွေမှာ ပြည်သူလူထုကို ကာကွယ်ဖို့တာဝန်ထမ်းဆောင်မှာ ဖြစ်ပါတယ်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၈)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် စဉ့်ကူးမြို့တွင် ပြန်လည်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများအား ပို့ဆောင်နှုတ်ဆက်

**မန္တလေး ဇန်နဝါရီ ၂၃**

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter- Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားခဲ့သည့် မန္တလေး-မတ္တရာ-သပိတ်ကျင်း-မိုးကုတ် လမ်းကြောင်းတစ်လျှောက်နှင့် အနီးပတ်ဝန်းကျင်ရှိ မြို့ရွာများအား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်တွင် တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး မန္တလေး-မတ္တရာ-သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။

လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူလူထုအား လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏အုပ်ချုပ်မှု ယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဖြစ်သည့် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများသည် ယနေ့နံနက်ပိုင်းက မန္တလေးမြို့မှ စဉ့်ကူးမြို့သို့ ထွက်ခွာကြရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာအဖွဲ့အစည်းများမှအရာထမ်း၊ အမှုထမ်းများအား နွေးထွေးစွာ တွေ့ဆုံအားပေးကာ ထောက်ပံ့ငွေများ ချီးမြှင့်ခဲ့ပြီး ပို့ဆောင်နှုတ်ဆက်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားခဲ့သည့် ဆက်သွယ်ရေးလမ်းကြောင်းများကိုတပ်မတော်က ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်မည်ဖြစ်ပြီး ဒေသတွင်း ကုန်စည်ကူးသန်းရောင်းဝယ်မှုများ လွယ်ကူလျင်မြန်ချောမွေ့စွာဖြင့် ပုံမှန်အတိုင်း ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







# မန္တလေးမြို့ နန်းမြို့အတွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ကြည့်ရှုအားပေး


**မန္တလေး ဇန်နဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့အတွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နေ့လယ်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးလိုက်လံမေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၃၈)**




- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။


# စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကျင်းပ

**အောင်လံ ဇန်နဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးကို ရည်ရွယ်၍ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီက အောင်လံမြို့၊ အထက(ရွာထောင်)ကျောင်း၊ ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်း က အဖွင့်အမှာစကားပြောကြားပြီး Book Club အသင်းဥက္ကဋ္ဌ၊ ဆရာကြီး ဦးတင်ဝင်းက "ဖတ်ပါ၊ မှတ်ပါ၊ လေ့လာပါ" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ဒုတိယပိုင်း အစီအစဉ်အဖြစ် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက သတ်မှတ်ခေါင်းစဉ်များအလိုက် မိမိတို့၏ နှုတ်မှုစွမ်းရည်၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်များကို အားတက်သရော ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အခမ်းအနားသို့ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**အာကာ(မြန်/ဆက်)**

၀-၀-၀-၀



# မှတ်ပုံတင်က ကျွန်မတို့လျှောက်ပြီး ရလိုက်ပါပြီ။ လဝကရုံးကိုကိုယ်တိုင်သွားပြီးတော့ ကိုယ်တိုင်လျှောက်လိုက်တာပါ။ အထောက်အထားအစုံရှိတော့ အမြန်ဆုံးရလိုက်ပါတယ်။ ဒီနှစ် ကျွန်မတို့ မဲပေးခွင့်ရှိခဲ့ပါတယ်။ ကျွန်မတို့စာရင်းက သဲချောင်းဘက်မှာ ပါတဲ့အတွက် ကျွန်မတို့ မဲသွားပေးပါတယ်။ အကုန်လုံး လွတ်လွတ်လပ်လပ်ပေးနိုင်ခဲ့ပါတယ်။ တချို့ မဲပေးခွင့်မရတဲ့သူတွေလည်း ပျော်ပျော်ပါးပါးသွားကြည့်ကြတာ ကျွန်မတို့မြင်ပါတယ်

ဒေါ်သီတာမြင့် (ခေါ်) ဂျူနီလာ

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်ထားရှိမှုနှင့် ရခိုင်ပြည်နယ်အတွင်းနေထိုင်သည့် ဘင်္ဂါလီများကို နိုင်ငံတော်အစိုးရက ကူညီစောင့်ရှောက်ပေးလျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးအေးသိန်းနှင့် စစ်တွေမြို့ ခေါင်းဒုက္ကာ(ဘင်္ဂါလီ)ကျေးရွာနေ ဒေါ်သီတာမြင့်(ခေါ်)ဂျူနီလာတို့၏ ပြောကြားချက်များကို ဖော်ပြအပ်ပါသည်–

**ဒေါ်အေးအေးသိန်း**

**ညွှန်ကြားရေးမှူး၊ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန**

ကျွန်မအနေနဲ့ ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသူတွေကို ပြန်လည်လက်ခံရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်ထားရှိမှု အခြေအနေတွေကို ရှင်းလင်းပြောကြားမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသမှာ ၂၀၁၆–၂၀၁၇ ခုနှစ်တွေမှာ ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်တွေကြောင့် အဲဒီဒေသတွေမှာ နေထိုင်သူတွေအနက် တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုသူတို့ဆန္ဒအလျောက် နေရပ်စွန့်ခွာထွက်ပြေးသွားသူ ငါးသိန်းကျော်ခန့်ရှိခဲ့ပါတယ်။ သူတို့ကို ပြန်လည်စိစစ်လက်ခံဖို့အတွက် မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအစိုးရတို့ အကြား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် သဘောတူညီချက်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ရက်နေ့မှာ လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ပါတယ်။

**မြန်မာ – ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် သဘောတူညီချက်တွေနဲ့အညီ ပြန်လည်လက်ခံနိုင်ရေးအတွက် အကျုံးဝင်မှုအခြေခံမူ ငါးရပ်ကို စံသတ်မှတ်ချက်များအဖြစ် ချမှတ်ခဲ့ပါတယ်။ အဲဒါတွေကတော့ ပြန်လည်ဝင်ရောက်လိုသူဟာ မြန်မာနိုင်ငံအတွင်း အမှန်တကယ်နေထိုင်ခဲ့သူဖြစ်ရပါမယ်။ ပြန်လည်ဝင်ရောက်လာသူများက ၎င်းတို့ရဲ့ ဆန္ဒအလျောက် မြန်မာနိုင်ငံကို ပြန်လည်ဝင်ရောက်လိုသူများ ဖြစ်ရပါမယ်။ ကွဲကွာနေတဲ့ မိသားစုစာရင်းဝင်တွေ၊ ကျန်ရစ်ခဲ့တဲ့မိသားစုဝင်တွေနဲ့ မိဘမဲ့ ကလေးတွေအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တရားရုံးက မှန်ကန်ကြောင်း ထောက်ခံချက်ပါရှိရပါမယ်။ တစ်ဖက်နိုင်ငံမှာထပ်မံမွေးဖွားလာတဲ့ ကလေးက မြန်မာနိုင်ငံမှာနေထိုင်ခဲ့တဲ့ မိဘနှစ်ပါးက မွေးဖွားတဲ့ကလေးဖြစ်ရပါမယ်။ ပဋိပက္ခကာလအတွင်းမွေးဖွားတဲ့ ကလေးများအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတရားရုံးက မှန်ကန်ကြောင်း ထောက်ခံချက်ပါရှိရပါမယ်။**

အဆိုပါ စံသတ်မှတ်ချက်တွေနဲ့အညီ ပြန်လည် လက်ခံရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ဖို့ အတွက် ရုပ်ပိုင်းဆိုင်ရာ လက်တွေ့အစီအစဉ်များဖြစ်တဲ့ Physical Arrangement ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့မှာ မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က တာဝန်ရှိသူတွေ လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ကြပါတယ်။

ဆက်လက်ပြီး မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်တွေ ဦးဆောင်တဲ့ JWG ပြန်လည် လက်ခံရေးလုပ်ငန်းအတွက် ပူးတွဲလုပ်ငန်းအဖွဲ့ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှာ ဖွဲ့စည်းခဲ့ပါတယ်။ JWG အစည်းအဝေးတွေကို ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေမှာ ငါးကြိမ်တိုင်တိုင် အလှည့်ကျကျင်းပ ဆွေးနွေးခဲ့ကြပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် သဘောတူညီချက်အရ ပြန်လည်လက်ခံရေး စံသတ်မှတ်ချက်တွေနဲ့ အကျုံးဝင်သူတွေကို စိစစ်နိုင်ဖို့အတွက် နေရပ်စွန့်ခွာသူ လူဦးရေ ရှစ်သိန်းကျော်ရဲ့စာရင်းကို ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ခြောက်ကြိမ်ခွဲပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က ပေးပို့ခဲ့ပါတယ်။

အဲဒီလို ဘင်္ဂလားဒေ့ရှ်ဘက်က ပေးပို့လာတဲ့ နေရပ်စွန့်ခွာသူလူဦးရေ ရှစ်သိန်းကျော်ရဲ့စာရင်းကို မြန်မာနိုင်ငံမှာ နေထိုင်ခဲ့တာမှန်ကန်ခြင်းရှိ မရှိ စိစစ်နိုင်ဖို့အတွက် ၂၀၁၆ ခုနှစ်က ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသမှာ ဌာနအနေနဲ့ ကောက်ယူထားတဲ့ ဆွဲတင်စစ်စာရင်းအရ မိသားစုဓာတ်ပုံပါ အိမ်ထောင်စုစာရင်းတွေကို ဌာနရဲ့ Civil Registration software ရေးဆွဲထားတဲ့ ဒေတာထည့်သွင်းပြီး ကျွန်မတို့ဌာနက ဝန်ထမ်းတွေ တိုက်ဆိုင်စိစစ်တဲ့လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့အထိ စိစစ်ရေးပုံစံပါ လူဦးရေသုံးသိန်းကျော်ကို တိုက်ဆိုင်စိစစ်နိုင်ခဲ့ပါတယ်။ အဲဒီလို တိုက်ဆိုင်စိစစ်ပြီးတဲ့ လူဦးရေကိုလည်း ဘင်္ဂလားဒေ့ရှ်ဘက်ကို သံတမန်လမ်းကြောင်းကနေ တစ်ဆင့်ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

နေထိုင်ကြောင်း အထောက်အထား စိစစ်တွေ့ရှိပြီးသူတွေအနက် ပထမအသုတ်အနေနဲ့ လူဦးရေနှစ်ထောင်ကျော်ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်းမှာ တစ်ကြိမ်၊ ဒုတိယအသုတ်အနေနဲ့ လူဦးရေသုံးထောင်ကျော်ကို ၂၀၁၉ ခုနှစ်ဩဂုတ်လအတွင်းမှာတစ်ကြိမ်၊ ဘင်္ဂလားဒေ့ရှ်ဘက်က ပြန်လည်ပို့ဆောင်မယ်လို့ ပြောကြားချက်အရ မြန်မာနိုင်ငံဘက်က ပြန်လည်လက်ခံရေးစခန်းနှစ်ခုဖွင့်လှစ်ပြီး လက်ခံနိုင်ရေး အသင့်ဆောင်ရွက်ထားရှိခဲ့ပေမယ့် ဘင်္ဂလားဒေ့ရှ်ဘက်က နှစ်ကြိမ်စလုံး ပြန်လည်ပို့ဆောင်ခဲ့ခြင်း မရှိခဲ့ပါဘူး။

ဒါ့အပြင် ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသူတွေကို ရှေ့ပြေးစမ်းသပ်စီမံကိန်းနဲ့ ပြန်လည်လက်ခံဖို့အတွက်လည်း စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒါတွေကတော့ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မှာ နှစ်နိုင်ငံ တာဝန်ရှိသူတွေနဲ့ ကျင်းပပြုလုပ်ခဲ့တဲ့ ဆွေးနွေးချက်တွေအရ နေရပ်စွန့်ခွာသူ ဦးရေ ၈၄၀ ကို ကနဦးလက်ခံဖို့ သဘောတူညီခဲ့ပါတယ်။ သူတို့အနက်ကမှ မိသားစုအလိုက် နေရပ်စွန့်ခွာကြောင်း စိစစ်တွေ့ရှိရသူ ၇၁၁ ဦးကို Pilot Project နဲ့ ပြန်လည်လက်ခံဖို့အတည်ပြုခဲ့ပါတယ်။

အဲဒီ ၇၁၁ ဦးအပြင် သူတို့ရဲ့ဆက်စပ်မိသားစုဝင်တွေကိုပါ တစ်ပါတည်းလက်ခံဖို့ နှစ်နိုင်ငံ ပူးတွဲလုပ်ငန်းအဖွဲ့ JWG ရဲ့ ပဉ္စမအကြိမ်အစည်းအဝေးမှာ ဆွေးနွေးဆုံးဖြတ်ချက်အရ ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှူး ဦးဆောင်တဲ့ မျက်မြင်စစ်ဆေးရေးအဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက်က္ကနက်ဖ်မြို့ကို ၂၀၂၃ ခုနှစ် မတ်လမှာ ပထမအကြိမ် သွားရောက်ပြီး မျက်မြင် စစ်ဆေးမှုတွေပြုလုပ်ခဲ့ပါတယ်။ အဲဒီလိုစစ်ဆေးချက်အရ ဆက်စပ်မိသားစုဝင်တွေထဲက ပြန်လည်အတည်ပြုခဲ့သူ ၄၆၅ ဦး၊ မူလစိစစ်အတည်ပြုပြီးသူ ၇၁၁ ဦး စုစုပေါင်း ၁၁၇၆ ဦးကို ပြန်လည်လက်ခံဖို့ အတည်ပြုခဲ့ကြပါတယ်။

၂၀၂၃ ခုနှစ် မေ ၅ ရက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က Go and See Visit လာရောက်တဲ့ တာဝန်ခံ ခုနှစ်ဦး၊ နေရပ်စွန့်ခွာစခန်းများမှ Camp ကိုယ်စားလှယ် ၂၀ တို့ကပြန်လည်လက်ခံသူတွေကိုနေရာချထားမယ့်ကျေးရွာတွေကို လာရောက်လေ့လာတဲ့အတွက် မြန်မာနိုင်ငံဘက်က လိုက်လံရှင်းလင်းပြသခဲ့ပါတယ်။ ၂၀၂၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ နှစ်နိုင်ငံကမကထပြုဆောင်ရွက်မယ့် အစီအစဉ်သစ် New Bilateral Initiative ကို ဆွေးနွေးဆုံးဖြတ်ချက်အရ ဘင်္ဂလားဒေ့ရှ်ဘက်က ပေးပို့တဲ့ အုပ်စုသုံးစုအနက်မှ မောင်တော မြောက်ပိုင်းမှာနေထိုင်ခဲ့သူ မိသားစုအလိုက် တွေ့ရှိသူ ပြစ်မှုကင်းရှင်းသူ ၁၇၆၆ ဦး၊ ပထမအကြိမ်မျက်မြင် စစ်ဆေးရေးအဖွဲ့က အတည်ပြုခဲ့တဲ့ ၁၁၇၆ ဦးအနက်မှ ၁၀၄၁ ဦး စုစုပေါင်း ၂၈၀၇ ဦးကို Pilot Project နဲ့ ပြန်လည်လက်ခံဖို့ အတည်ပြုခဲ့ပါတယ်။

အဲဒီ ၂၈၀၇ ဦးရဲ့ ဆက်စပ်မိသားစုဝင်တွေကိုပါ တစ်ပါတည်းလက်ခံနိုင်ဖို့အတွက် မြန်မာဘက်က မျက်မြင်စစ်ဆေးရေးအဖွဲ့ Go and Talk အဖွဲ့ဝင်တွေဟာ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှာ ဒုတိယအကြိမ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနက်ဖ်ကို သွားရောက်စစ်ဆေးခဲ့ကြပါတယ်။ ဒုတိယအကြိမ် ထပ်မံစစ်ဆေးချက်အရ တွေ့ရှိသူ လက်ခံအတည်ပြုမယ့် စုစုပေါင်း ၂၉၃၃ ဦးကို ပြန်လည်လက်ခံဖို့ အတည်ပြုဆုံးဖြတ်ခဲ့ပါတယ်။

အဆိုပါ Pilot Project အရ ပြန်လည်လက်ခံမယ့် စုစုပေါင်း ၂၉၃၃ ဦးကိုပြန်လည်နေရာချထားပေးဖို့ ကျေးရွာ ၂၀ လျာထားခဲ့ပြီး ငါးခူရနဲ့ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း နှစ်ခုဖွင့်လှစ်ပြီး တစ်ပတ်ကို လူ ၂၅၀ နှုန်းနဲ့ စခန်းနှစ်ခုကို စုစုပေါင်း လူဦးရေ ၅၀၀ ကို စိစစ်လက်ခံဖို့ ဆောင်ရွက်ခဲ့ပါတယ်။



ဒေါ်အေးအေးသိန်း



ဒေါ်သီတာမြင့် (ခေါ်) ဂျူနီလာ

စိစစ်လက်ခံပြီးတဲ့ ပြန်လည်ဝင်ရောက်လာသူတွေကို လှဖိုးခေါင်ကြားစခန်းမှာ ယာယီနေရာချထားမယ်။ လျာထားတဲ့ ကျေးရွာ ၂၀ ကို ဆက်လက်ပို့ဆောင်ဖို့နဲ့ သူတို့ရဲ့ လူမှုဘဝရှင်သန်နေထိုင်ရေး၊ စားဝတ်နေရေးကိစ္စတွေကို ကူညီပံ့ပိုးပေးဖို့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းချိတ်ဆက်ပြီးဆောင်ရွက်သွားဖို့ စီစဉ်ထားရှိခဲ့ပါတယ်။

**ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်မှာ ကူညီပံ့ပိုးဆောင်ရွက်နိုင်ဖို့အတွက် ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်တဲ့ UNDP နဲ့ UNHCR တို့က အဆိုပြုကမ်းလှမ်းလာတဲ့အတွက် လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာန၊ UNDP နဲ့ UNHCR တို့ သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာ MOU ကို ၂၀၁၈ ခုနှစ် ဇွန်လ ၆ ရက်နေ့မှာ လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ပါတယ်။ UNDP၊ UNHCR တို့က ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသမှာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများ၊ သောက်ရေသုံးရေရရှိရေး၊ လမ်းတံတားများ ပြုပြင်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိမှာတော့ နယ်မြေလုံခြုံရေးအခြေအနေအပေါ်မူတည်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းတွေကို ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့အတွက် UNDP၊ UNHCR တို့နဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နားလည်မှုစာချွန်လွှာ(MoU)ကို တစ်နှစ်တစ်ကြိမ် သက်တမ်းတိုးမြှင့်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။**

အဲဒီလို မြန်မာနိုင်ငံဘက်က ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွေ ဆောင်ရွက်နိုင်ဖို့အတွက် အမျိုးမျိုးပြင်ဆင်ဆောင်ရွက်ထားရှိပေမယ့်လည်း ဘင်္ဂလားဒေ့ရှ်ဘက်က ယနေ့အထိ ပြန်လည်ဝင်ရောက်မှု မရှိခဲ့ပါဘူး။ ဒါပေမယ့်လည်း မြန်မာနိုင်ငံအနေနဲ့ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသက နေရပ်စွန့်ခွာသူတွေကို ၎င်းတို့ရဲ့ ဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာပါက ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွေကို အဆင်ပြေချောမွေ့စွာ လက်ခံဆောင်ရွက်ပေးနိုင်ရေး အသင့်ပြင်ဆင်ထားရှိပါကြောင်း ပြောကြားလိုပါတယ်။

**ဒေါ်သီတာမြင့် (ခေါ်) ဂျူနီလာ**

**ခေါင်းဒုက္ကာ(ဘင်္ဂါလီ)ကျေးရွာ၊ စစ်တွေမြို့**

ကျွန်မ နာမည်ကတော့ သီတာမြင့်ပါ။ မွတ်ဆလင်နာမည်ကတော့ ဂျူနီလာလို့ ခေါ်ပါတယ်။ ခေါင်းဒုက္ကာကျေးရွာသူပါ၊ ကလေးက သုံးယောက်ရှိပါတယ်။ ကျွန်မတို့ဆီကို အစိုးရဌာနက တစ်လတစ်ကြိမ်ပုံမှန်လာပြီးတော့ ကာကွယ်ဆေးတွေထိုးပေးတယ်၊ အထွေထွေဆေးတွေလည်းထိုးပေးပါတယ်။ အသည်းအသန်ဖြစ်ရင်တော့ကျွန်မတို့ သက္ကယ်ပြင်ဆေးရုံကို သွားရပါတယ်။

ရွာလူကြီးတွေနဲ့ ရပ်ရွာလူကြီးတွေ ပေါင်းပြီးတော့ အိမ်အလိုက် ဥပမာ ဒီနေ့ ၁၀ အိမ်၊ နောက်တစ်နေ့ နောက် ၁၀ အိမ် ဆိုပြီး လုံခြုံရေးချထားတာရှိပါတယ်။ ကျွန်မတို့က လယ်ယာစိုက်ပျိုးတယ်။ ကျွန်မတို့ရွာမှာဆိုရင် ဈေးဆိုင်၊ ကျပန်းအလုပ်သမားတွေလည်း အများကြီးပါ။ တခြားတော့ ထွေထွေထူးထူး မရှိပါဘူး။ အကန့်အသတ်လည်း မရှိပါဘူး။ ကျွန်မတို့ အဆင်ပြေပြေ ချောချောမောမောနဲ့ သွားလာနိုင်ပါတယ်။ အကန့်အသတ်တော့ လုံးဝမရှိပါဘူး။ ကျန်းမာရေးစောင့်ရှောက်မှုကလည်း ပုံမှန်လာပါတယ်။ လူနာက များတယ်၊ ဆေးက မလုံလောက်ဘူး ဆိုရင်တော့ သက္ကယ်ပြင်ဆေးရုံကိုသွားပြီး အခမဲ့ဆေးကုသလို့ရပါတယ်။ အကုန်အခမဲ့ပါပဲ။ အဲဒီလို စီစဉ်ပေးပါတယ်။ ကျွန်မတို့ ခေါင်းဒုက္ကာရွာမှာ မူလတန်းလွန်ကျောင်း ရှိပါတယ်။ မူလတန်းလွန်ကျောင်းက ကလေးတွေ စာမေးပွဲအောင်ပြီ ဆိုတာနဲ့ သက္ကယ်ပြင် အထကကျောင်းကို သွားတက်ပါတယ်။ ကျွန်မတို့နဲ့ အနီးစပ်ဆုံးဆိုရင်တော့ သက္ကယ်ပြင်ကျောင်းပဲရှိပါတယ်။ အဲဒီမှာသွားပြီးတော့ တက်ပါတယ်။ ပညာရေးအခြေအနေကတော့ အခမဲ့ပါ။ အစိုးရကအကုန်လုံး စီစဉ်ပေးထားပါတယ်။

မှတ်ပုံတင်က ကျွန်မတို့လျှောက်ပြီး ရလိုက်ပါပြီ။ လဝကရုံးကို ကိုယ်တိုင်သွားပြီးတော့ ကိုယ်တိုင်လျှောက်လိုက်တာပါ။ အထောက်အထားအစုံရှိတော့ အမြန်ဆုံး ရလိုက်ပါတယ်။ ဒီနှစ် ကျွန်မတို့ မဲပေးခွင့် ရှိခဲ့ပါတယ်။ ကျွန်မတို့စာရင်းက သဲချောင်း ဘက်မှာပါတဲ့အတွက် ကျွန်မတို့မဲသွားပေးပါတယ်။ အကုန်လုံး လွတ်လွတ်လပ်လပ် ပေးနိုင်ခဲ့ပါတယ်။ တချို့မဲပေးခွင့်မရတဲ့ သူတွေလည်း ပျော်ပျော်ပါးပါးသွားကြည့်ကြတာ ကျွန်မတို့မြင်ပါတယ်။ အကုန်လုံး အေးအေးဆေးဆေးပါပဲ။ **သတင်းအဖွဲ့**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအားအရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၃

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပမှုကိုပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံး လှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံ ပိုစတာများချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများ အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၀ ရက် တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဆံမြိတ်ရှည်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း မှ ကျောင်းအုပ်ကြီး အမှတ်(၃) မဲရုံမှူး ဦးရဲလင်းဦး (၄၆)နှစ်သည် ကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားသည့် မဲရုံအမှတ်(၃)၌ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ရင် နှင့်အတူ မဲပေးစက်များ ပျက်စီးမှုမရှိစေရေး လုပ်ငန်း တာဝန်များဆောင်ရွက်နေစဉ် အဆိုပါကျေးရွာနေ ကျော်မိုးဦး (၃၄) နှစ်မှာ အရက်သေစာသောက်စား မူးယစ်ကာ ရောက်ရှိလာပြီး မဲရုံမှူး ဦးရဲလင်းဦးအား ညစ်ညမ်းစွာဆဲဆိုခဲ့သဖြင့် ကျော်မိုးဦးအား ဇန်နဝါရီ ၁၅ ရက်တွင် သာစည်မြို့မရဲစခန်း(ပ) ၁၇/၂၀၂၆၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေး ရေးဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း။

အလားတူ ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ ပြည်သူ့အလုပ်သမား ပါတီမှ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ကလျာကျော် (၃၅)နှစ်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၄) ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းနှင့် ရှင်ထွေးညိုလမ်းထောင့်၌ ပါတီမဲဆွယ်စည်းရုံးရေး အတွက် ဆိုင်းဘုတ်စိုက်ထူရန် ပြုလုပ်နေစဉ် အဆိုပါ လမ်းဆုံအနီး အဖျော်ယမကာဆိုင်မှ ဦးမြတ်ကျော်သူ (၄၃)နှစ်နှင့် ၎င်း၏ဇနီး ဒေါ်မိုးသပြေ (၄၁)နှစ်တို့က ဆိုင်းဘုတ်စိုက်ထူခြင်းမပြုလုပ်ရန် နည်းလမ်းမျိုးစုံ ဖြင့် လာရောက်တားမြစ်ပြီး ဦးမြတ်ကျော်သူက ညစ်ညမ်းသောအပြုအမူဖြင့် ပြုမူလုပ်ဆောင်ခဲ့သဖြင့် မြတ်ကျော်သူနှင့် မိုးသပြေတို့အား ဇန်နဝါရီ ၁၅ ရက် တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့မရဲစခန်း (ပ)၁၀/ ၂၀၂၆၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေး ရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

ထို့အတူ ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ခရမ်းမြို့နယ် ညောင်ကုန်းကျေးရွာ ရွာလယ်လမ်းပေါ်၌ ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ် စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ် ကို အမျိုးသားနှစ်ဦးက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းအရ ခရမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ် စည်းရုံးရေးဗီနိုင်းဆိုင်းဘုတ်မှာ မီးလောင်ပျက်စီး နေသည်ကိုတွေ့ရှိရသဖြင့် ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါကျေးရွာနေ လှငွေအောင် (ခ) ကိုငွေ (၄၇)နှစ်နှင့် ဖြိုးဇော်အောင် (ခ) ရွှေလိပ် (၂၈)နှစ်တို့ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့နှစ်ဦးအား ဇန်နဝါရီ ၁၇ ရက်တွင် ခရမ်းမြို့မရဲစခန်း(ပ) ၅/၂၀၂၆၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေး ရေးဥပဒေပုဒ်မ ၂၃(က)/၂၈ ဖြင့် လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဆ/က ရပ်ကွက်နေ ထားထက်ထက် (၃၆)နှစ်သည် ၎င်း အသုံးပြုသည့် "Htar Htet Htet" Facebook အကောင့်ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက် ပွဲကို အများပြည်သူ အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ရေးသားထားသည့် စာသားများအား ရေးသားလွှင့်တင်ခဲ့သည်ကို စိစစ်တွေ့ရှိရသဖြင့် ထားထက်ထက်အား ဇန်နဝါရီ ၁၂ ရက်တွင် သဃ်န်းကျွန်းမြို့မရဲစခန်း (ပ)၉/၂၀၂၆၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ် ပေးရေးဥပဒေပုဒ်မ ၂၃(က)/၂၈ ဖြင့်လည်းကောင်း။

အလားတူ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၅ ရက် ညနေ ၄ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် သိုက်ကျင်းမကျေးရွာနေ ပြည်ခိုင်ဖြိုးပါတီမှ ကျေးရွာစည်းရုံးရေးမှူး ဦးခင်မောင်ဝင်း (၅၂)နှစ်၏ ဦးလေးဖြစ်သူ ဦးမြင့်ဇော်သည် ၎င်း၏နေအိမ်၌ ရှိနေစဉ် တစ်ရွာတည်းနေ ရဲဝင်းနိုင်(ခ) ရဲလေး (၄၆) နှစ် ရောက်ရှိလာပြီး ဦးခင်မောင်ဝင်းအား "ပြည်ခိုင်ဖြိုးပါတီ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းမပြုရန်နှင့် လုပ်ဆောင်ပါက PDF ကို ဆက်သွယ်ပြီး သတ်ခိုင်းမည်"ဟု ခြိမ်းခြောက် ပြောဆိုခဲ့သဖြင့် ရဲဝင်းနိုင်(ခ) ရဲလေးအား ဇန်နဝါရီ ၁၄ ရက်တွင် ပေါက်ခေါင်းမြို့မရဲစခန်း (ပ) ၄/၂၀၂၆၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေး ရေးဥပဒေပုဒ်မ ၂၄ (က)ဖြင့်လည်းကောင်း အမှု ရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီး နိုင်ရေးနှင့် ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အမရပူရနှင့် ချမ်းမြသာစည်မြို့နယ်တို့တွင် ငွေကျပ် ၄ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သုံးသန်းကျော် ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၃

အမရပူရမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့တွင် ငွေကျပ် ၄ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သုံးသန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၄ ရက် နံနက် ၅ နာရီခွဲတွင်အမရပူရမြို့နယ် မြစ်ငယ်မြို့ အနီးတွင် ရဲရင့်အောင် (ခ) အားချစ် မောင်းနှင်လာသော MDY-20 4J-xxxx Mitsubishi Canter ခြောက်ဘီးယာဉ်ပေါ်မှ စိတ်ကြွရူးသွပ် ဆေးပြား ၂၆ ဒသမ ၆ သိန်း ဖမ်းဆီးရမိပြီး ၎င်း၏ဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၉ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင် ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ပြည့်ဖြိုးကျော်နှင့် သက်ထွန်းဇော်(ခ)စော်ကဲတို့ နှစ်ဦးကို ပြည်ကြီးတံခွန်မြို့နယ် စက်မှုရပ် ၆၂ လမ်းနှင့် ၁၄၁ လမ်းထောင့်၌ MDY-17 9I-xxxx Toyota Crown ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ပြည့်ဖြိုးကျော် နေထိုင်သည့် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်ရှိ နေအိမ်မှ စိတ်ကြွရူးသွပ် ဆေးပြား ၃ ဒသမ ၈ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၀ ဒသမ ၄ သိန်း (၎င်းဒေသတန်ဖိုး ငွေကျပ် ၄ ဒသမ ၅၆ ဘီလီယံ) ဖမ်းဆီးရမိခဲ့သည်။



တရားခံ ရဲရင့်အောင်(ခ)အားချစ်၊ သက်ထွန်းဇော်(ခ)စော်ကဲနှင့် ပြည့်ဖြိုးကျော်(ဝဲမှယာ)တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ် ဆေးပြား ၂၆ ဒသမ ၆ သိန်းနှင့်အတူတွေ့ရစဉ်။

ကွင်းဆက်စစ်ဆေးပေါ်ပေါက်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ် ဆေးပြားများ သယ်ဆောင်ခိုင်းသူများမှာ တောင်ကြီးမြို့နယ်နေ စိုင်းဇော်လတ် (ဖမ်းဆီးရန်ကျန်)နှင့် မိတ္ထီလာမြို့နယ်နေ ဝေယံစိုး (ခ) မောင်ရှမ်း(ဖမ်းဆီးရန်ကျန်)တို့၏ အစီအမံဖြင့် ရမည်းသင်းမြို့နယ်မှ မန္တလေးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# မီးဘေးအန္တရာယ်ကင်းရှင်းစေရန် ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်အတွင်း မီးဘေးအန္တရာယ် ကင်းရှင်းစေရန်အတွက် တစ်အိမ်တက်ဆင်း မီးစစ်ဆေးခြင်းကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက အကွက် (၂၃၄၊ ၂၃၅)တို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီထွေး၏ ကြီးကြပ်မှုနှင့်အတူ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးချမ်းသာ၊ သီရိဟေမာအနောက် အရန်မီးသတ် စခန်းတာဝန်ခံ ဒုတပ်ခွဲမှူးဦးသိန်းဦးနှင့်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ရပ်ကွက်အတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန်အတွက် မီးသုံးစွဲမှုများ စစ်ဆေးခြင်း၊ အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ မီးစစ်ဆေးရာတွင် အိမ်ခြေ ၉၇ လုံး၊ အိမ်ထောင်စု ၁၁၉စု တို့အား စစ်ဆေးခဲ့ကြောင်း သိရသည်။ (ဝ၄၁)

❐ စာမျက်နှာ ၂၄ မှ

သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင် လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ကမ္ဘောဒီးယားနိုင်ငံအစိုးရအနေဖြင့် ၎င်းတို့နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တိုက်ဖျက်နှိမ်နင်းလျက်ရှိရာ အဆိုပါကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများသည် ၎င်းတို့အစီအစဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးသို့ လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများက လွှဲပြောင်းပေးအပ်မှုအရ လည်းကောင်း ယနေ့တွင် ကမ္ဘောဒီးယားနိုင်ငံ မြန်မာသံရုံးသို့ ၆၇၅ ဦး ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံ မြန်မာသံရုံးသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၆၇၅ ဦး အနက်မှ ပထမအသုတ်အနေဖြင့် ၁၃၆ ဦး အား မြန်မာ့လေကြောင်းလိုင်း(MAI) ဖြင့် ဇန်နဝါရီ ၂၃ ရက် နံနက်အစောပိုင်းတွင် မြန်မာနိုင်ငံ မန္တလေးမြို့ရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ၊ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ကာ လုပ်ထုံးလုပ်နည်းများနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံတွင် ကျန်ရှိသည့်မြန်မာနိုင်ငံသားများအား အမြန်ဆုံး ပြန်လည်ခေါ်ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြက်တိုက်လောင်းကစားသူများအား ဖမ်းဆီးအရေးယူ

**မင်းလှ ဇန်နဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၌ ကြက်တိုက်လောင်းကစားသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၃ နာရီက ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ နတ်ထမင်းကျေးရွာ၌ ကြက်တိုက်လောင်းကစားနေကြောင်း သတင်းအရ မင်းလှမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျေးရွာနေ အောင်သန်းဇော် ဆိုသူ(၄၀)နှစ်ပါ အမျိုးသား ၁၃ ဦး တို့အား တိုက်ကြက်ဖလေးကောင်၊ မော်တော်ဆိုင်ကယ်ခုနစ်စီး၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် အောင်သန်းဇော် ဆိုသူပါ ၁၃ ဦးတို့အား မင်းလှမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက"မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူတော် (အထီး)ကလေး တစ်စီးအား ၂၀၂၂ခုနှစ် ဇူလိုင်၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။



အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် ၃ နှစ် ၆ လသားအရွယ်တွင် အရပ်အမြင့် ၅ ပေ ၅ လက်မ ၊ ကိုယ်လုံးလုံးပတ် ၈ ပေ ၂ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၆၇၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် မော်တော်ယာဉ်အသုံးပြုမှုများပြားလာခြင်းနှင့်အတူ မော်တော်ယာဉ်များ မီးလောင်ကျွမ်းမှုဖြစ်စဉ်များလည်း ပေါ်ပေါက်လျက်ရှိပါသည်။ မော်တော်ယာဉ်မီးလောင်မှုဖြစ်စဉ်များတွင် မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးဆောင်ထားသည့် ယာဉ်များသည် အချိန်မီ မီးငြိမ်းသတ်နိုင်ခဲ့သည့်အတွက် မီးလောင်ဆုံးရှုံးမှု တန်ဖိုးနည်းပါးခဲ့ကြောင်း စိစစ်တွေ့ရှိရသောကြောင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်များတွင် Saloon, Jeep, Pick up, Station Wagon, Micro Bus တို့တွင် 1 Kg တစ်လုံး၊ Mini Bus, Light Truck, Light Van တို့တွင် 2 Kg တစ်လုံး၊ Truck, Van, Container Carrier, Other တို့တွင် 3 Kg တစ်လုံး၊ Tanker, City Bus, Express Bus တို့တွင် 3 Kg နှစ်လုံး တပ်ဆင်ပါရှိရန် ညွှန်ကြားချက်ထုတ်ပြန်၍ မော်တော်ယာဉ်များ သက်တမ်းတိုးယာဉ်စစ်ဆေးရာတွင် ယာဉ်နှင့်အတူပါရှိစေရေး ဆောင်ရွက်စေခဲ့ပါသည်။ ထို့ပြင် ၂၀၂၂ ခုနှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုနည်းဥပဒေများ၊ နည်းဥပဒေ ၁၀၈ တွင် "မော်တော်ယာဉ်တွင် သက်တမ်းရှိသော မီးသတ်ဆေးဘူးထားရှိရမည်ဖြစ်ပြီး အစဉ်အမြဲ ကောင်းမွန်စွာ အသုံးပြုနိုင်ရမည်။ မော်တော်ယာဉ် အမျိုးအစားအလိုက် ထားရှိရမည့်မီးသတ်ဆေးဘူး၏အမျိုးအစား၊အရွယ်အစားနှင့် အရေအတွက်တို့သည် ဦးစီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။ မီးသတ်ဆေးဘူးများတွင် ထုတ်လုပ်သူ၏ စံနှုန်းသတ်မှတ်ချက်များ ထင်ရှားစွာ ဖော်ပြထားပြီး အလွယ်တကူ အသုံးပြုနိုင်သောနေရာတွင် ထားရှိရမည်" ဟု ထည့်သွင်းဖော်ပြ၍ လိုက်နာဆောင်ရွက်စေလျက်ရှိပါသည်။

၂။ ယခုအခါ ပုဂ္ဂလိကဂျာနယ်အချို့နှင့် လူမှုကွန်ရက်စာမျက်နှာများတွင် မော်တော်ယာဉ် သက်တမ်းတိုးယာဉ်စစ်ဆေးရာ၌ မီးသတ်ဆေးဘူးပါရှိစေရေး ဆောင်ရွက်နေခြင်းသည် ပြည်သူများ အခက်အခဲဖြစ်ပေါ်စေရန် ရည်ရွယ်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရေးသားဖော်ပြလျက်ရှိပါသည်။ မော်တော်ယာဉ်များ သက်တမ်းတိုးဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် Kg အလိုက် မီးသတ်ဆေးဘူးပါရှိစေရေးသည် ဤဦးစီးဌာနအနေဖြင့် ယခုအချိန်မှဆောင်ရွက်ခြင်းမဟုတ်ဘဲ ၂၀၁၄ ခုနှစ်၊ မေလ ကတည်းက စစ်ဆေးဆောင်ရွက်နေခြင်းဖြစ်ပါကြောင်းနှင့် ပြည်သူများ၏ မော်တော်ယာဉ်များ မီးလောင်ဆုံးရှုံးမှုမှ ကာကွယ်နိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၉ ဦး မြန်မာ – ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၃

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၉ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စံရွှေနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်တုန်းပြည်နယ် ပြည်သူ့လုံခြုံရေးဌာနမှ ညွှန်ကြားရေးမှူး Mr. Gao Yuan နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**ပင်လောင်း ဇန်နဝါရီ ၂၃**

ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်၊ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၌ စုစုပေါင်း ဘိန်းစိုက်ခင်း ၁၀၂ ဧကခန့်အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီ ၃၅ မိနစ်မှ ညနေ ၄ နာရီခွဲအထိ ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ ပင်ခင်ကျေးရွာအုပ်စု၊ ပင်စုံကျေးရွာ အနီးရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၆၁ ဧကခန့်အားလည်းကောင်း၊ အလားတူ နံနက် ၉ နာရီ မိနစ် ၄၀ မှ မွန်းလွဲ ၃ နာရီခွဲအထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ စံဖူးကျေးရွာအုပ်စု၊ လိုက်ကွန်ကျေးရွာအနီးရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၁ ဧကခန့်အား လည်းကောင်း၊ ထို့အတူ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီခွဲအထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၂၅)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (တောင်ကြီး)မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ ပါလောပါကယ်ကျေးရွာအုပ်စု၊ လွယ်ဆံဆစ်ကျေးရွာ အနီးရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ဧက ၂၀ ခန့်အားလည်းကောင်း အသီးသီးဖျက်ဆီးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

**အသက်သည်**
**သွေး၊ သွေးသည်**
**အသက်။**

# (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာအားကစားသမားများက ရေကူးနှင့် ပြေးခုန်ပစ်အပါအဝင် အားကစားနည်းများမှ ယနေ့အထိ ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ် ၁၀ ခုနှင့် ကြေးတံဆိပ် ၁၄ ခု ဆွတ်ခူးရရှိ



ထိုင်း ဇန်နဝါရီ ၂၃

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် နခွန်ရစ်ချာဆီးမား(ခိုရတ်)မြို့များရှိ အားကစားကွင်း/အားကစားရုံများ၌ ဆက်လက်ကျင်းပခဲ့ရာ ဇန်နဝါရီ ၂၃ ရက်တွင် မြန်မာအသင်းအနေဖြင့် ပြေးခုန်ပစ်၊ ရေကူး၊ ထိုင်လျက်ဘော်လီဘော၊ (မျက်မမြင်)ဂိုးလ်ဘော၊ ခုနစ်ယောက်တစ်ဖက်ဘောလုံး၊ (မျက်မမြင်)စစ်တုရင်၊ သေနတ်ပစ်၊ အလေးမနှင့် ဘိုစီယာ အားကစား နည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီမှ စတင်၍ ရေကူးပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ရာ (SB3) အမျိုးသား မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ညီညီလင်းထက်က ရွှေတံဆိပ်၊ ပြေးခုန်ပစ် အားကစားနည်းမှ F64 အမျိုးသား သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် တပ်ကြပ်ရဲမင်းစိုးက ရွှေတံဆိပ်၊ T64 အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် အောင်မြင့်ဌေးက ရွှေတံဆိပ်၊ T42, T44, T64 အမျိုးသမီး အလျားခုန်ပြိုင်ပွဲတွင် နန်းစန်းရတနာထွန်းက ရွှေတံဆိပ်၊ (SB6) အမျိုးသား မီတာ ၅၀ ရင်ပေါင်တန်းကူး ပြိုင်ပွဲတွင် နန္ဒစိုးမင်းက ငွေတံဆိပ်၊ F64 အမျိုးသား သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ဒုတပ်ကြပ် ဟိန်းထက်လှိုင်က ငွေတံဆိပ်၊ T47 အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ဒုတပ်ကြပ်စံတင်က ငွေတံဆိပ်၊ F41 အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် ချောကေရီက ကြေးတံဆိပ်၊ F64 အမျိုးသမီး လှံတံပစ်ပြိုင်ပွဲတွင် စိန်ဖော့က ကြေးတံဆိပ်၊ T42, T44, T63 အမျိုးသား အမြင့်ခုန်ပြိုင်ပွဲတွင် ဇော်မင်းထွန်းက ကြေးတံဆိပ်၊ T64 အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ဒုတပ်ကြပ်ထက်အောင်က ကြေးတံဆိပ်၊ T42, T44, T64 အမျိုးသမီး အလျားခုန်ပြိုင်ပွဲတွင် လော်လာဝင်းက ကြေးတံဆိပ်၊ (မျက်မမြင်)စစ်တုရင် သုံးယောက်တွဲ အသင်းလိုက်ပွဲစဉ်တွင် ကောင်းစံ၊ မျိုးစံအောင်နှင့် သန့်ဇင်ဦးတို့အတွဲက ကြေးတံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့သည်။

ယမန်နေ့ ညနေပိုင်းပြိုင်ပွဲ ပွဲစဉ်များတွင် ပြေးခုန်ပစ် အားကစားနည်း T44, T64 အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင်တပ်ကြပ်ကြီး စိုးပေကငွေတံဆိပ်၊အောင်မြင့်ဌေးက ကြေးတံဆိပ်၊ T44, T64 အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် လော်လာဝင်းက ကြေးတံဆိပ်၊ T46 အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် အောင်မြင့်မြတ်က ကြေးတံဆိပ်၊ T46, T47 အမျိုးသား အမြင့်ခုန်ပြိုင်ပွဲတွင် အောင်မြင့်မြတ် က ကြေးတံဆိပ်၊ စားပွဲတင်တင်းနစ် Class-7 အမျိုးအစား တစ်ဦးချင်းပြိုင်ပွဲတွင် တိုးတက်အောင်က ကြေးတံဆိပ်တို့ကို ထပ်မံဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုတစ်ဆုလျှင် ဒေါ်လာ ၃၀၀၊ ငွေတံဆိပ်ဆု တစ်ဆုလျှင် ဒေါ်လာ ၂၀၀ နှင့် ကြေးတံဆိပ်ဆု တစ်ဆုလျှင် ဒေါ်လာ ၁၀၀ တို့ကို ဆုပေးပွဲ အခမ်းအနား ကျင်းပပြီးချိန်တွင် နိုင်ငံတော်ကိုယ်စား မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးက ပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့်အဖွဲ့သည် 80th Birthday Anniversary Stadium အတွင်း ကျင်းပလျက်ရှိသည့် ထိုင်လျက်ဘော်လီဘောပြိုင်ပွဲ မြန်မာအသင်းနှင့် အိမ်ရှင်ထိုင်းအသင်းတို့၏ ယှဉ်ပြိုင် ကစားနေမှုကိုလည်းကောင်း၊ ရေကူးပြိုင်ပွဲတွင် မြန်မာ မသန်စွမ်း ရေကူးအားကစားအဖွဲ့ ယှဉ်ပြိုင်နေမှုကို လည်းကောင်း၊ ပြေးခုန်ပစ်ပြိုင်ပွဲတွင် မြန်မာ မသန်စွမ်း ပြေးခုန်ပစ်အားကစားအဖွဲ့ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ သေနတ်ပစ် အားကစားနည်းမှ 10m Men's Air Pistol ဗိုလ်လုပွဲ ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် Center Point Hotel Terminal 21(Korat) ရှိ အလေးမအားကစားရုံတွင် မြန်မာမသန်စွမ်း အလေးမ အားကစားအဖွဲ့ ယှဉ်ပြိုင်နေမှုကို လည်းကောင်း လိုက်လံကြည့်ရှု အားပေးခဲ့သည်။

ယနေ့ ယှဉ်ပြိုင်သော ထိုင်လျက်ဘော်လီဘော အားကစားနည်း အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်တွင် မြန်မာအသင်းက အိမ်ရှင် ထိုင်းအသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း၊ ခုနစ်ယောက်တစ်ဖက်ဘောလုံး(အမျိုးသား) အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်တွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို ၂၂ဂိုး-ဂိုး(မရှိ)ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဇန်နဝါရီ ၂၄ ရက်တွင် မြန်မာ မသန်စွမ်း အားကစားအဖွဲ့အနေဖြင့် ပြေးခုန်ပစ်၊ ရေကူး၊ ခုနစ်ယောက်တစ်ဖက် ဘောလုံး၊ ထိုင်လျက်ဘော်လီဘော၊ (မျက်မမြင်) စစ်တုရင်၊ အလေးမ၊ ဘိုးလင်းနှင့် စားပွဲတင် တင်းနစ် အားကစားနည်းတို့ကို ဆက်လက်ဝင်ရောက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲတွင် မြန်မာ မသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ဇန်နဝါရီ ၂၃ ရက် ပြိုင်ပွဲများအပြီးတွင် ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ် ၁၀ ခုနှင့် ကြေးတံဆိပ် ၁၄ ခု စုစုပေါင်းဆုတံဆိပ် ၃၅ ခု ဆွတ်ခူးရရှိထားပြီး နိုင်ငံအလိုက် အဆင့်(၆)တွင် ဆက်လက်ရပ်တည်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မင်းလှမြို့နယ်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)၌ ယနေ့နံနက်ပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အချိန်မီ မီးငြိမ်းသတ်နိုင်ခဲ့ပြီး လက်ရှိအချိန်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်လျက်ရှိ



မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ရှိ (မန်း)သံပရာကန် ရေနံချက်စက်ရုံ မီးလောင်မှုဖြစ်ပွားစဉ် မီးငြိမ်းသတ်နေမှုအား တွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၃

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)၌ ယနေ့နံနက် ၆ နာရီ ၅ မိနစ်ခန့်တွင် စတင်မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ စက်ရုံရှိ မီးသတ်ဝန်ထမ်းများနှင့် စက်ရုံဝန်ထမ်းများ၊ တပ်နယ်၊ ခရိုင်၊ မြို့နယ်များရှိ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အတူပူးပေါင်းပြီး ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့မှုကြောင့် နံနက် ၇ နာရီတွင် မီးငြိမ်းသတ်နိုင်ပြီး လက်ရှိအချိန်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်လျက်ရှိသည်။

အဆိုပါမီးလောင်ကျွမ်းမှုဖြစ်စဉ် ဖြစ်ပေါ်ခဲ့ခြင်းကို စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက မင်းလှမြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်) သို့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မီးလောင်ကျွမ်းမှုဖြစ်စဉ် ဖြစ်ပွားခဲ့သည့် ရေနံစိမ်းလက်ခံသိုလှောင်ကန် အခြေအနေများကို စက်ရုံမှူးက တင်ပြခဲ့ရာ သိုလှောင်ကန်နံရံများသာ မီးလောင်ကျွမ်းခဲ့ပြီး သံကန်အတွင်း သိုလှောင်ထားသည့် ရေနံစိမ်းများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း၊ လက်ရှိမီးလောင်မှုဖြစ်ပွားခဲ့သည့် သိုလှောင်ကန်နှစ်ကန်အား အသုံးမပြုဘဲ အခြားရေနံစိမ်းသိုလှောင်ကန်များအား အသုံးပြုပြီး ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်ရုံနှင့် ရေနံသိုလှောင်ကန်များ ပျက်စီးဆုံးရှုံးမှုမရှိဘဲ ရေနံစိမ်းသိုလှောင်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများကို ပုံမှန်အတိုင်း လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ပရှိ ဆက်သွယ်ထားသည့် ပိုက်လိုင်းအနည်းငယ်သာပျက်စီးသွားပြီး ပိုက်လိုင်းအတွင်းရှိပိုက်လိုင်းကျန်ရေနံစိမ်း ခန့်မှန်းဂါလန် ၃၅၀ ခန့်သာ ဆုံးရှုံးခဲ့ကြောင်း၊ ပြင်ပရှိပိုက်လိုင်းများ ပျက်စီးမှုများကိုလည်း အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြခဲ့မှုများအပေါ် ဒုတိယဝန်ကြီးက မီးလောင်မှုဖြစ်ပွားရာတွင် အချိန်နှင့်တစ်ပြေးညီ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည့် တပ်နယ်၊ ခရိုင်၊ မြို့နယ်များရှိ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်ရုံရှိဝန်ထမ်းများအား ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ ပျက်စီးဆုံးရှုံးသွားသည့်ပိုက်လိုင်းများအား ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ကုန်ထုတ်လုပ်မှုကို ထိခိုက်မှုမရှိအောင် စီမံဆောင်ရွက်ကြရန်လိုကြောင်း၊ ရေနံချက်စက်ရုံများသည် မီးလောင်ကျွမ်းနိုင်သည့် လောင်စာဆီများကို ကိုင်တွယ်အသုံးပြုရသည့် လုပ်ငန်းဖြစ်သည့်အတွက် အရေးပေါ်မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက လူ၊ စက်၊ ပစ္စည်း အဆင်သင့်ရှိနေရန်လိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း လက်ရှိစက်ရုံ၏ မီးသတ်ဝန်ထမ်းအင်အား၊ မီးသတ်ယာဉ်နှင့် အခြားဆက်စပ်ပစ္စည်းများကိုလည်း ပိုမိုလုံလောက်မှုရှိစေရန် အမြန်ဆုံးထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းမှု နည်းပညာသင်တန်းဆင်း



**မန္တလေး ဇန်နဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၏ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သည့် အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းမှု နည်းပညာသင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၁၂လမ်းနှင့် ၇၃လမ်းထောင့်ရှိ မန္တလေးလူငယ်သင်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်လတ်၊ အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးနိုင်နှင့် အလုပ်အမှုဆောင်များ၊ ကော်မတီအတွင်းရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဇာနည်မောင်နှင့် ကော်မတီဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးက သင်တန်းဆင်း အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် လူမှုရေးဝန်ကြီးက သင်တန်းနည်းပြနှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ထောက်ပံ့သော Tool Box များကို သင်တန်းသားများအား ပေးအပ်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလ ၁၀ ရက်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၀၉၃)



# မဟာရွှေစည်ကြီးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**ကန့်ဘလူ ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၏ ကျက်သရေဆောင် မဟာရွှေစည်ကြီးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ခြောက်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးဦးစီးကော်မတီထံမှ သိရသည်။

ဗုဒ္ဓပူဇနီယပွဲတော်ကို အစဉ်အလာမပျက် နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၂၆)ကြိမ်မြောက်ကျင်းပမည်ဖြစ်ပြီး ဇန်နဝါရီ ၂၇ ရက်တွင် ပဋ္ဌာန်းလှည့်လည် အပူဇော်ခံ၍ ပဋ္ဌာန်းမဏ္ဍပ်၌ ဖွင့်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်သည်။

ငါးရက်တိုင်တိုင် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကျင်းပရာတွင် ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ သာသနာ့ဗိမာန်တော်တွင် မြို့ပေါ်ရပ်ကွက်မှ အသင်းများ၊ အခြေခံပညာကျောင်းများမှ အသင်းများက ဓမ္မစကြာနှင့် ပရိတ်ကြီး ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကာ ဇန်နဝါရီ ၃၁ ရက်တွင် ပဋ္ဌာန်းအောင်ပွဲ ကျင်းပမည်ဖြစ်သည်။

ထို့အပြင် ဇန်နဝါရီ ၃၁ ရက်တွင် ထမနဲထိုးပြိုင်ပွဲကျင်းပမည်ဖြစ်ပြီး ဆီမီး ၉၀၀၀၊ ပန်းကိုးမျိုးဆက်ကပ်ပူဇော်၍ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်သည်။

ထို့နောက် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကာ လာရောက်သူများအား စတုဒိသာကျွေးမွေးသည့် အစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး ဘုရားပွဲတော်ရက်အတွင်း မဟာရွှေစည်ကြီး စေတီတော်မြတ်ကြီးနှင့် ပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများအား ရောင်စုံမီးများ ထွန်းညှိပူဇော်မည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၃၉၄)

# မြေယာအသုံးချမှုနှင့်ပတ်သက်သည့် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ပြင်ဦးလွင် ဇန်နဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)ရှိ မြို့တော်ခန်းမ၌ မြေယာအသုံးချမှုနှင့်ပတ်သက်သည့် အသိပညာပေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၃ နာရီက ကျင်းပရာ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ရပ်၊ ကျေးအုပ်ချုပ်ရေးမှူးများ၊ အိမ်ခြံမြေအကျိုးဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ (ယာပုံ)

အဆိုပါအခမ်းနားကို ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ (ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့)မှ ဦးဆောင်ပြုလုပ်ခြင်းဖြစ်ပြီး ခရိုင်အဆင့်တာဝန်ရှိသူများက မြေယာအသုံးချမှုနှင့် ပတ်သက်သည့် အသိပညာများနှင့် ဆောင်ရွက်လုပ်ကိုင်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်က စတင်၍ မြေ-စာရင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စားသုံးသူရေးရာဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ ခရိုင်ဥပဒေအရာရှိနှင့် ပြင်ဦးလွင် မြို့မိ၊ မြို့ဖအဖွဲ့တို့က Power Point ဖြင့် အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။



"လက်ရှိအချိန်တွင် မြို့နယ်အတွင်း ဥပဒေမဲ့ အကွက်ရိုက်ရောင်းချထားသည့် မြေကွက်များနှင့် သစ်တောမြေ စသည့် ရောင်းချနေထိုင်ခွင့်မရှိသည့် မြေကွက်များကို သက်ဆိုင်တာဝန်ရှိသူများက စိစစ်လျက်ရှိပြီး နောက်နောင်ထပ်မံမဖြစ်ပွားစေရန် အထူးလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်"ဟု ပြင်ဦးလွင်မြို့နယ် ခရိုင်အုပ်ချုပ်ရေးမှူးက ပြောသည်။

ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ၄၂ ဒသမ ၉၅ ရာခိုင်နှုန်းသည် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများဖြစ်ပြီး အဆိုပါမြေများပေါ်တွင်လည်း အကွက်ရိုက်ရောင်းချခြင်းနှင့် လယ်၊ မြေများပေါ်တွင်လည်း ခြံစည်းရိုးခတ်၊ အိမ်ဆောက်ရောင်းချခြင်းများ ပြုလုပ်နေကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

# နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေး၊ ဆေးကုသမှုများ ဆောင်ရွက်ပေး

**သရက် ဇန်နဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုးရောဂါ၊ သွေးချို၊ ဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံအောက်ထပ်၌ ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါကျန်းမာရေးစစ်ဆေးရန်အတွက် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များနှင့် သူနာပြုဆရာမများက သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါ စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ဇော်ထက်(သရက်)

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြှင့်မားရေး ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ညှိနှိုင်းဆွေးနွေးပွဲကို အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းတွင် ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။



အဆိုပါမြို့နယ်အဆင့်(ဆင့်ပွား)သင်တန်းကို အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ တက္ကသိုလ်ဝင်တန်း Grade-12 သင် ဆရာ၊ ဆရာမများအား မိမိကျောင်းများမှ Grade-12 ကျောင်းသား၊ ကျောင်းသူများ၏ အောင်ချက်မြင့်မားရေးအတွက် ပြန်လည်ဆွေးနွေးပို့ချပေးနိုင်စေရန်နှင့် ၂၀၂၆ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် အခက်အခဲမရှိ ဖြေဆိုနိုင်စေရေးအတွက် ဇန်နဝါရီ ၂၃ ရက်တွင်လည်း သက်ဆိုင်ရာ Grade-12 ကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်အလိုက် ပြန်လည်ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၀၅၆)

*-*-*-*-*



## နဂါးရုံဘုရားဆင်းတုတော် ပင့်ဆောင်ပူဇော်ပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၃**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် စောမွန်လှ သစ္စာအဓိဋ္ဌာန် အောင်ဆုတောင်းပြည့် မြတာဘက်နဂါးကိုးကောင်ဘုရား၊ စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် နဂါးခုနစ်ကောင် နဂါးရုံဘုရားဆင်းတုတော်ပင့်ဆောင်ပူဇော်ပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ နဂါးခုနစ်ကောင် နဂါးရုံဆုတောင်းပြည့်ဘုရား ပင့်ဆောင်ပူဇော်ပွဲကို နဂါးကိုးကောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒအား အမှူးထားလျက် ဘုရားဒါယကာ+ဒါယိကာမများဖြစ်ကြသော ကိုဇင်ဖြိုးဦး+မယုယုငြိမ်း မိသားစုနှင့် မနော ကြာဖြူ အကြားအမြင်ဆရာမလေး မဝင်းဝင်းမာတို့က ခုနစ်ရက်သားသမီး အများကောင်းမှုဖြင့် အဓိဋ္ဌာန်ပြု တည်ထားခဲ့သော နဂါးခုနစ်ကောင် နဂါးရုံဘုရားဖြစ်ပြီး ခုနစ်ရက်သားသမီးများ အလိုဆန္ဒပြည့်၍ ဆုတောင်းတိုင်းရစေခြင်းငှာ တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။

နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒဦးဆောင်၍ နံနက် ၉ နာရီတွင် ဌာပနာပိတ်ပူဇော်ခဲ့ပြီး ရွှေမိုးငွေမိုးရွာသွန်းဖြိုးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ကုန်ထုတ်လမ်းအလွှာလိုက် မြေသားထုတင်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ဘားအံ ဇန်နဝါရီ ၂၃**

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကော့သာခေါင်ကျေးရွာ၌ ကုန်ထုတ်လမ်းအလွှာလိုက် မြေသားထုတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်အွာနှင့် အင်ဂျင်နီယာများက ကုမ္ပဏီမှတာဝန်ရှိသူများ၊ လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကော့သာခေါင်ကျေးရွာ၌ ကုန်ထုတ်လမ်း အလွှာလိုက် မြေသားထုတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(နည်းပညာ)က လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ကော့သာခေါင်ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ပေ၊ ထု သုံးပေကိုးလက်မရှိ (မြေ+ဂဝံ) အလွှာလိုက် မြေသားထုတင်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၂၄ ဒသမ ၉ သန်းဖြင့် KZ Nine ကုမ္ပဏီမှ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**ဆက်လူ**



# ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင်

## ကမ္ဘာ့လူတုစက်ရုပ်ဈေးကွက်ကို တရုတ်ကုမ္ပဏီများက ကြီးစိုးထား

လက်ရှိ ကမ္ဘာ့လူတုစက်ရုပ် (Humanoid) ဈေးကွက်က တရုတ်တွေ ဦးဆောင်တဲ့ အရှေ့ကို သွားနေပါတယ်။ တရုတ်စက်ရုပ်ကုမ္ပဏီတွေရဲ့ ခြေလှမ်းကလည်း သွက်သထက် သွက်လာတယ်လို့ ပြောရမှာပါ။ Tesla ကုမ္ပဏီကတော့ တရုတ်စက်ရုပ်ကုမ္ပဏီတွေကို လိုက်မီအောင် အတော်ကြိုးစားရပါလိမ့်မယ်။

လန်ဒန်အခြေစိုက် Omdia ၏ အစီရင်ခံစာရဲ့ အစီရင်ခံစာမှာ ၂၀၂၅ ခုနှစ် ကမ္ဘာ့ လူတုစက်ရုပ်တင်ပို့မှုပမာဏ ငွေကျပ် ၁၃၀၀၀ ဝန်းကျင် ရှိတယ်လို့ ထုတ်ပြန်ထားပြီး ဒီဈေးကွက်မှာ ဘယ်သူတွေ ဘယ်လောက်နေရာရနေလဲဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။

ပြီးခဲ့တဲ့နှစ် Humanoid ဈေးကွက်ရဲ့ ၃၉ ရာခိုင်နှုန်းကို လွှမ်းမိုးခဲ့တာ ရှန်ဟိုင်းအခြေစိုက် Agi Bot ဆိုတဲ့ စက်ရုပ်ကုမ္ပဏီ ဖြစ်နေပါတယ်။ ဒီကုမ္ပဏီက လူတုစက်ရုပ် ၅၁၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး ကမ္ဘာ့လူတုစက်ရုပ်ရဲ့ ဈေးကွက်မှာ အင်အားအကြီးဆုံးကုမ္ပဏီအဖြစ် ရပ်တည်ခဲ့တာပါ။

Agi Bot က လူတစ်ဦးအရွယ် ဆိုဒ်ပြည့် Humanoid တွေတင်မဟုတ်ဘဲ အသေးစား Half-Size မော်ဒယ်လ်နဲ့ ဘီးတပ် ဉာဏ်ရည်မြင့်စက်ရုပ်တွေပါ ထုတ်ပါတယ်။ ဒီစက်ရုပ်တွေကို ဟိုတယ်နဲ့ ဧည့်ကြိုအလုပ်၊ စက်မှုကုန်ထုတ်လုပ်ရေး၊ ကုန်စည်ပို့ဆောင်ရေး၊ လုံခြုံရေးကင်းလှည့်တာကနေ AI လေ့ကျင့်ရေးအတွက် ဒေတာစုဆောင်းတဲ့ အလုပ်တွေမှာပါ အသုံးချနေကြတာပါ။

Agi Bot ရဲ့နောက်မှာ တရုတ်နိုင်ငံ ဟန်ကျိုးက Unitree၊ ရှန်းကျန့်က UBTECH တို့က စက်ရုပ်တင်ပို့မှု ၄၂၀၀ နှင့် ၁၀၀၀ စီနဲ့ ဒုတိယ၊ တတိယ လိုက်ပါတယ်။ ဈေးကွက်ဝေစုနဲ့ဆို ၃၂ ရာခိုင်နှုန်းနဲ့ ၁၀ ရာခိုင်နှုန်းစီပါ။ ကျန်တဲ့ ဈေးကွက်ဝေစုကို လည်း LejuRobotics၊ EngineAI,Fourier Intelligence တို့က အဓိက ခွဲယူပါတယ်။

နာမည်ကြီး Tesla အပါအဝင် အမေရိကန်စက်ရုပ်ကုမ္ပဏီတွေဖြစ်တဲ့ Figure AI၊ Agility Robotics တို့က ဈေးကွက်ဝေစု တစ်ရာခိုင်နှုန်းပဲ ရထားတာပါ။ ဒီနှစ်ကစလို့ စက်ရုပ်ဈေးကွက် ပြိုင်ဆိုင်မှုက ပြင်းထန်သထက် ပြင်းထန်တော့မှာပါ။ နောက်ပိုင်းမှာ စက်ရုပ်တွေ စွမ်းရည်ပိုမြင့်ပြီး စရိတ်စက ပိုသက်သာတော့မှာမို့ အသုံးလည်း တွင်ကျယ်ဖို့ ရှိပါတယ်။

Omdia ရဲ့ ခန့်မှန်းချက်အရ လာမယ့် ၂၀၃၅ ခုနှစ်အရောက်မှာ ကမ္ဘာ့စက်ရုပ် တင်ပို့မှု ၂ ဒသမ ၆ သန်းနီးပါးအထိ ရှိလာမယ်လို့ ဆိုပါတယ်။ တစ်ချိန်မှာ စက်ရုပ်တွေဟာ ကားတွေလို အသုံးများတဲ့ လူသုံးကုန်ဖြစ်လာဖို့ ရှိပါတယ်။ **ATK**



## လူမရှိဘဲ လျှပ်စစ်မီးပိတ်ပြီး လည်ပတ်နိုင်သည့် Xiaomi ၏ အနာဂတ်စက်ရုံကြီး

Xiaomi က လူ၏ အကူအညီ လုံးဝနီးပါးမလိုဘဲ မီးပိတ်ပြီး လည်ပတ်နိုင်သည့် အံ့မခန်းစက်ရုံကြီးတစ်ခုကို ဝူဟန်မှာ တည်ဆောက်ပြီးစီးပြီလို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ Xiaomi 17 Ultra မိတ်ဆက်ပွဲမှာ ဒီစက်ရုံအကြောင်း ထည့်သွင်းပြောကြားခဲ့ပြီး ဖုန်းနဲ့ ကားစက်ရုံတွေပြီးရင် တတိယမြောက် အကြီးဆုံးထုတ်လုပ်ရေးစခန်းကြီး ဖြစ်လာပါတယ်။

ဒီစက်ရုံရဲ့ အကောင်းဆုံးအချက်ကတော့ "Lights-out Manufacturing" လို့ခေါ်တဲ့ လူမရှိ၊ လျှပ်စစ်မီးဖွင့်စရာမလိုဘဲ စက်ရုပ်တွေချည်း သီးသန့်အလုပ်လုပ်မောင်းနှင်တဲ့စနစ်ကို သုံးထားတာပါ။ စက်ရုံထဲမှာ စက်ရုပ်အစီးရေ ၁၆၁ စီးက ဟိုဒီသွားလာပြီး ပစ္စည်းသယ်ယူပို့ဆောင်ရေးကို တာဝန်ယူထားသလို အလုပ်ရုံခြောက်ခုကိုလည်း ၄ ဒသမ ၂ ကီလိုမီတာရှည်တဲ့ ဝေဟင်လမ်းကြောင်းတွေနဲ့ ချိတ်ဆက်မောင်းနှင်နေတာ ဖြစ်ပါတယ်။

ကုန်ထုတ်လုပ်မှုနှုန်းထားကလည်း လိုက်မီဖို့ခက်တဲ့ အမြန်နှုန်းပါပဲ။ အဲယားကွန်းတစ်လုံးကို ၆ စက္ကန့်တိုင်းမှာ ထုတ်လုပ်ပေးနိုင်တယ်လို့ ဆိုပါတယ်။ အရည်အသွေးပိုင်းကို လူတွေနဲ့ လိုက်စစ်စရာမလိုဘဲ AI နည်းပညာသုံးကင်မရာတွေနဲ့ အသေးစိတ် စစ်ဆေးပေးနေတာကြောင့် မျက်စိနဲ့မမြင်နိုင်တဲ့ အမှားအယွင်းတွေကို ထောက်လှမ်းနိုင်မယ်လို့ ဆိုပါတယ်။

စက်ရုံတည်ဆောက်စဉ်က အံ့သြစရာကောင်းလောက်အောင် မြန်ဆန်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှာ စီမံကိန်းစတင်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှာတင် အဆောက်အအုံပိုင်း ပြီးစီးခဲ့တာပါ။ ဒါဟာ Xiaomi အနေနဲ့ ဖုန်းနဲ့ ကားတင်မကဘဲ အိမ်သုံးပစ္စည်းလောကကိုပါ နည်းပညာအမြင့်ဆုံး စက်ရုံတွေနဲ့ ထိုးဖောက်ဖို့ ပြင်ဆင်နေတယ်ဆိုတာ ပြသလိုက်တာပဲ ဖြစ်ပါတယ်။

**ATK**



## လျှပ်စစ်ကားတွေမောင်းနေရင်း အားသွင်းနိုင်သည့် ကြိုးမဲ့အားသွင်းလမ်း

နော်ဝေနိုင်ငံမှာ လျှပ်စစ်ကားတွေကို မောင်းနေရင်း အားသွင်းနိုင်တဲ့ ကမ္ဘာ့ပထမဆုံး ကြိုးမဲ့အားသွင်းလမ်းကို စမ်းသပ်နေပြီဖြစ်ပါတယ်။

ဒီတီထွင်မှုဟာ Trondheim မြို့ရှိ အများပြည်သူသုံး ဘတ်စ်ကားလိုင်းများအတွက် ရည်ရွယ်တာဖြစ်ပြီး အောင်မြင်ပါက သယ်ယူပို့ဆောင်ရေးကဏ္ဍရဲ့ အနာဂတ်ကို ပြောင်းလဲသွားမှာပါ။



Trondheim ကြိုးမဲ့အားသွင်းလမ်းစီမံကိန်းအချက်အလက်တွေအရ တည်နေရာက နော်ဝေနိုင်ငံ Trondheim မြို့မှာ Inductive Charging လမ်းကြောင်းအောက်မှာ တပ်ဆင်ထားတဲ့ ကြေးနီကြိုးလိပ်များရဲ့ သံလိုက်စက်ကွင်းဖြင့် စွမ်းအင်ကို လွှဲပြောင်းပေးတဲ့ နည်းပညာသုံးထားတယ်လို့ ဆိုပါတယ်။

လမ်းအရှည် မီတာ ၁၀၀ မှာ ကားအရေအတွက် အနည်းငယ်နဲ့ စတင်စမ်းသပ်ရာမှာ ဘတ်စ်ကားတွေကိုပဲ အဓိက စမ်းသပ်နေပါတယ်။ ရည်ရွယ်ချက်ကတော့ ဘတ်စ်ကားတွေကို ခရီးတစ်လျှောက် ဆက်တိုက်မောင်းနှင်နိုင်စေဖို့နဲ့ အားသွင်းရင် ခဏရပ်နားစရာမလိုဘဲ တစ်နေကုန်ဝန်ဆောင်မှုပေးနိုင်ဖို့ ဖြစ်ပါတယ်။

ဒီစီမံကိန်းဟာ Electreon ဟုခေါ်သော အစ္စရေးကုမ္ပဏီရဲ့ နည်းပညာကို အသုံးပြုထားတာဖြစ်ပြီး Electreon ဟာ ဆွီဒင်၊ ဂျာမနီ၊ အီတလီ၊ အမေရိကန်ပြည်ထောင်စုနဲ့ အခြားနိုင်ငံများမှာလည်း ထိုနည်းတူစီမံကိန်းများ ဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။ **ATK**

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



**ဆင်နှာမောင်းပင်**

ဆင်နှာမောင်းပင်ဟာ နေရာအနှံ့အပြားမှာ အလေ့ကျပေါက်တဲ့အပင်ဖြစ်ပြီး တန်ဖိုးမဖြတ်နိုင်တဲ့ ဆေးဖက်ဝင်အပင် တစ်မျိုးဖြစ်ပါတယ်။


ကျောက်ကပ်ရောဂါကြောင့် ခြေလက်တွေ ဖောရောင်တာ၊ ဆီးကျောက်တည်တာတွေအတွက် အထူးကောင်းမွန်ပါတယ်။

အဆုတ်ရောင်တာ (သို့မဟုတ်) အဆုတ်ထဲမှာ ပြည်တည်တာတွေအတွက်လည်း အသုံးပြုနိုင်ပါတယ်။

နားကိုက်နေတယ်ဆိုရင် ဆင်နှာမောင်းပင်ရဲ့ အရွက်ကိုထောင်းပြီး ရလာတဲ့ အရည်ကို ဥမ်းနဲ့တို့ပြီး နားထဲထည့်ပေးရင် နားကိုက်တာ ပျောက်ကင်းစေပါတယ်။

မျက်စိနာရင် အရွက်ကိုထောင်းပြီး မျက်စိပေါ်မှာ အုံပေးထားရင် သက်သာပျောက်ကင်းစေပါတယ်။

ဆင်နှာမောင်းပင်ကို အမြစ်ကနေ နုတ်ယူပါ။ ရေစင်အောင်ဆေးပြီး ၁၅ မိနစ်ခန့်ပြုတ်ပါ။ ရလာတဲ့ဆေးရည်ကို နံနက် တစ်ခွက်၊ ညတစ်ခွက် (အစားမစားမီ) သောက်ပေးပါက အထက်ပါရောဂါများကို ပျောက်ကင်းစေပါတယ်။



**ဆီးသီး**

၁။ **အစာခြေစနစ်ကို ကူညီပေးတယ်။**

အမျှင်ဓာတ်ကြွယ်ဝပြီး အူလမ်းကြောင်းလှုပ်ရှားမှုကို ကောင်းမွန်စေကာ ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပါတယ်။ သဘာဝအချိုဓာတ်ဖြစ်သော ဆော်ဘီတော် ပါဝင်ပြီး အူတွင်း ရေစုပ်ယူမှုကို တိုးစေကာ ဝမ်းပျော့စေပါတယ်။

၂။ **ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာ ပါဝင်တယ်။**

ဗီတာမင်စီ၊ ဖီနော်လစ်အက်စစ်၊ ဘီတာကယ်ရိုတင်းနဲ့ အခြားဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်ပြီး ခန္ဓာကိုယ်တွင်း ရောင်ရမ်းမှုကို လျော့ကျစေပါတယ်။ ဆဲလ်ပျက်စီးမှုနဲ့ နာတာရှည်ရောဂါများကို ကာကွယ်ပေးနိုင်ပါတယ်။

၃။ **သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးတယ်။**

အမျှင်ဓာတ်ကြွယ်ဝသဖြင့် သွေးတွင်းသကြားဓာတ်တက်နှုန်းကို နှေးကွေးစေပြီး ဆီးချိုရောဂါရှိသူများအတွက် အထောက်အကူပြုပါတယ်။

၄။ **နှလုံးကို အထောက်အကူပြုတယ်။**

ပိုတက်စီယမ်ဓာတ်ကြွယ်ဝပြီး သွေးပေါင်ချိန်ကို ထိန်းညှိပေးကာ နှလုံးရောဂါဖြစ်နိုင်ခြေကို လျော့ကျစေပါတယ်။ အမျှင်ဓာတ်ဟာ သွေးတွင်းကိုလက်စထရောကို လျော့ကျစေနိုင်ပါတယ်။

၅။ **အရိုးကျန်းမာရေးအတွက် ကောင်းတယ်။**

ဗီတာမင်ကေ၊ ကယ်လ်စီယမ်နဲ့ မဂ္ဂနီစီယမ်တို့ ပါဝင်ပြီး အရိုးသိပ်သည်းဆကို ထိန်းသိမ်းပေးကာ အရိုးပွရောဂါကို ကာကွယ်ပေးပါတယ်။

၆။ **ကိုယ်အလေးချိန်ကျစေတယ်။**

အမျှင်ဓာတ်များပြီး ကယ်လိုရီနည်းသောကြောင့် ဗိုက်ပြည့်တင်းစေကာ အစာစားချင်စိတ်ကို ထိန်းချုပ်ပေးသဖြင့် ကိုယ်အလေးချိန် ကျစေပါတယ်။

၇။ **အရေပြားနဲ့ ဆံသားကျန်းမာရေးကောင်းတယ်။**

ဗီတာမင်စီနဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက ကော်လာဂျင်ထုတ်လုပ်မှုကို အားပေးပြီး အရေပြားတင်းရင်းမှုကို ထိန်းသိမ်းပေးကာ ဆံသားကို ကောင်းမွန်စေပါတယ်။

**သတိပြုရန်**

ဆီးသီးကို အလွန်အကျွံစားသုံးပါက အမျှင်ဓာတ်နဲ့ ဆော်ဘီတော်ကြောင့် ဗိုက်အောင့်ခြင်း၊ လေပွခြင်းများ ဖြစ်နိုင်ပါတယ်။ ကျောက်ကပ်ရောဂါရှိသူများအနေဖြင့် ပိုတက်စီယမ်ဓာတ်များနိုင်သောကြောင့် ဆရာဝန်နဲ့ တိုင်ပင်ပြီးမှ စားသင့်ပါတယ်။



**ကီဝီသီး**

ကီဝီသီးမှာ ဗီတာမင်စီ၊ အင်န်တီအောက်ဆီးဒင့်နဲ့ အမျှင်ဓာတ်တွေ များစွာပါဝင်တဲ့အတွက် ကျန်းမာရေးအတွက် အကျိုးပြုပါတယ်။

ဗီတာမင်စီက ကော်လာဂျင်ထုတ်လုပ်မှုမှာလည်းပါဝင်တဲ့အပြင် ဒဏ်ရာအနာများကို အသားနုတက်တာမြန်စေပါတယ်။ ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိရှိတဲ့ ဗီတာမင်အီးနဲ့ Tocopherol ပါတဲ့အတွက် အရေပြားနေလောင်ဒဏ်ရာဖြစ်မှုနဲ့ အခြားအရေပြားဆိုင်ရာရောဂါများဖြစ်မှုကို ကူညီကာကွယ်ပေးပါတယ်။

ဓာတ်တိုးဆန့်ကျင်ပစ္စည်း Serotonin ပါတဲ့အတွက် ကောင်းစွာ အိပ်ပျော်စေပါတယ်။ ဖိုက်ဘာ၊ ပိုတက်စီယမ်နဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါတဲ့အတွက် နှလုံးကျန်းမာရေးကို အထောက်အကူပြုပါတယ်။

ပိုတက်စီယမ်က သွေးကြောများကို ဖြေလျှော့ပေးခြင်းဖြင့် သွေးဖိအားကို ထိန်းပေးရာမှာ ကူညီပေးပါတယ်။ သွေးဖိအားနည်းသူများမှာ နှလုံးရောဂါဖြစ်နိုင်ခြေ နည်းပါတယ်။

ပိုတက်စီယမ် များများစားသုံးခြင်းဖြင့် ကျောက်ကပ်မှာ ကျောက်တည်ခြင်းကို ကာကွယ်ပေးပါတယ်။

ကီဝီသီးက ရောင်ရမ်းတာကို လျော့ကျစေပါတယ်။ ဝမ်းမှန်စေပါတယ်။ ဖောလိတ်ပါတဲ့အတွက် ကိုယ်ဝန်ဆောင်မိခင်လောင်းများ စားသုံးသင့်ပါတယ်။

ဗီတာမင်ကေ၊ ကယ်လ်စီယမ်နဲ့ ဖော့စပေါရပ်ပါတဲ့အတွက် အရိုးကျန်းမာရေးကို ကောင်းမွန်စေပါတယ်။ ဗီတာမင်ကေက အရိုးပါးခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။ သွေးခဲခြင်းမဖြစ်အောင်လည်း အရေးကြီးတဲ့လုပ်ဆောင်မှုကို ပြုလုပ်ပေးပါတယ်။

ဗီတာမင်စီ၊ Choline, Lutein နဲ့ Zeaxanthin စတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်တဲ့အတွက် ဓာတ်တိုးခြင်းကြောင့် ဆဲလ်များပျက်စီးမှုဖြစ်တာကို ကူညီဖယ်ရှားပေးပါတယ်။

ခန္ဓာကိုယ်မှာ ဇီဝစက်လည်ပတ်မှုနဲ့ အခြားလုပ်ဆောင်မှုများကြောင့် Free Radicals များ ထုတ်ပါတယ်။ အဆိုပါ Free Radicals များ သိပ်များလာတဲ့အခါမှာ ဓာတ်တိုးပြီး ဆဲလ်များကို ပျက်စီးစေတဲ့အတွက် နှလုံးရောဂါနဲ့ ကင်ဆာရောဂါများ ဖြစ်စေပါတယ်။

ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက Free Radicals များကို ဖယ်ရှားပေးကာ ခန္ဓာကိုယ်ကို ကာကွယ်ပေးပါတယ်။

အစာခြေဖျက်မှုကောင်းစေပါတယ်။ အမျှင်ဓာတ်ကြွယ်ဝတဲ့အတွက် အစာခြေဖျက်ရာမှာ ကူညီပြီး အူလမ်းကြောင်းကျန်းမာရေးကို တိုးတက်စေပါတယ်။

ကီဝီသီးမှာတွေ့ရတဲ့ Actinidin Enzyme က ပရိုတင်းခြေဖျက်ရာမှာ ကူညီပေးပြီး အစာကြေညက်မှုကို ကောင်းစေပါတယ်။



**သဖန်းသီး**

ဝမ်းမှန်ချင်သူများအတွက် သဖန်းသီးက အကောင်းဆုံးဖြစ်ပါတယ်။ အမျှင်ဓာတ်(ဖိုက်ဘာ) ကြွယ်ဝသောကြောင့် အူလမ်းကြောင်းကို သန့်စင်ပေးပြီး ဝမ်းကို အလွယ်တကူသွားစေပါတယ်။ ဗိုက်ရစ်ပြီး နာတာမျိုးလည်း မရှိပါဘူး။

အစာစားပြီးနောက် ရင်ပြည့်၊ ရင်ကယ်ဖြစ်တတ်ရင် သဖန်းသီးကို ရေနွေးနဲ့ပြုတ်ပြီး အဲ့ဒီအရည်နွေးနွေးလေးကို သောက်ပေးပါ။ ဗိုက်ထဲက လေတွေပွင့်ပြီး နေလို့ထိုင်လို့ကောင်းသွားပါလိမ့်မယ်။

သဖန်းသီးကိုစားသုံးခြင်းဖြင့် ခန္ဓာကိုယ်ကို အတွင်းပိုင်းကနေ အားဖြည့်ပေးလို့ အသားမပပ်၊ အသားမခြောက်ဘဲ ကျန်းမာတဲ့အသားအရေကို ပိုင်ဆိုင်စေပါတယ်။

သက်ကြီးပိုင်းတွေအတွက် အချိုစာတွေ၊ ဂျုံမုန့်တွေအစား သဖန်းသီးကိုစားပေးရင် အဆစ်အမြစ်လှုပ်ရှားရတာ ပိုမိုပေါ့ပါးသွက်လက်စေပါတယ်။

သဖန်းသီးကို လတ်လတ်ဆတ်ဆတ်စားပါ။ အစိမ်းနုရောင်ကနေ အဝါဘက်သန်းနေတဲ့ အသီးမှည့်ကို ရွေးပါ။ အသားပျော့ပြီး ဖန်ခါးတာမရှိတဲ့ အသီးက စားလို့အကောင်းဆုံးပါ။ အသီးမှည့်ကို ဆားနဲ့ တို့စားနိုင်ပါတယ်။ သဖန်းသီးစိမ်းကို ဆားရည်စိမ်ပြီး ငါးပိရည်နဲ့ တို့စားရင်လည်း ထမင်းမြိန်စေသလို ဝမ်းကိုလည်း မှန်စေပါတယ်။

**ပန်းဂေါ်ဖီစိမ်း**

ပန်းဂေါ်ဖီစိမ်းဟာ အာဟာရဓာတ်များ ကြွယ်ဝပြီး ကယ်လိုရီနည်းပါးကာ အမျှင်ဓာတ်များစွာ ပါဝင်ပါတယ်။ ဗီတာမင်နဲ့ သတ္တုဓာတ်များစွာ ပါဝင်ပါတယ်။




ကိုယ်ခံအားစနစ်အထောက်အကူပြု ဗီတာမင်ကေ၊ အရိုးနဲ့ သွေးကျန်းမာရေး ဖောလိတ်(ဆဲလ်ကြီးထွားမှု)၊ ပိုတက်စီယမ်(နှလုံးနဲ့ ကြွက်သားလုပ်ဆောင်ချက်)၊ အစာခြေစနစ်၊ နှလုံးကျန်းမာရေး သွေးတွင်းသကြားဓာတ်ထိန်းချုပ်မှုကို ကူညီပေးပြီး ရောင်ရမ်းမှုကို လျှော့ချပေးပါတယ်။

အမျှင်ဓာတ်မြင့်မားစွာပါဝင်ပါတယ်။ အူလမ်းကြောင်းရှိ အကျိုးပြု ဘက်တီးရီးယားများကို ထောက်ပံ့ပေးပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပါတယ်။

Gulosinolates နဲ့ Isothiocyanates ကဲ့သို့သော အင်န်တီအောက်ဆီးဒင့်များပါဝင်သောကြောင့် ဆဲလ်များပျက်စီးမှုမှ ကာကွယ်ပေးပြီး နှလုံးရောဂါနဲ့ အချို့သောကင်ဆာများကဲ့သို့သော နာတာရှည်ရောဂါများဖြစ်နိုင်ခြေကို လျှော့ချပေးပါတယ်။

ပန်းဂေါ်ဖီစိမ်းဟာ ဗိုက်ပြည့်စေမယ့် ကာဗိုဟိုက်ဒရိတ်နဲ့ ကယ်လိုရီနည်းသောကြောင့် ကိုယ်အလေးချိန်လျှော့ချဖို့နဲ့ ဆီးချိုရောဂါအတွက် အထူးကောင်းမွန်ပါတယ်။



**လိမ္မော်သီး**

လိမ္မော်သီးဟာ ဗီတာမင်စီ ကြွယ်ဝသော အသီးတစ်မျိုးဖြစ်ပြီး ကျန်းမာရေးအတွက် အောက်ပါအကျိုးကျေးဇူးများကို ပေးစွမ်းနိုင်ပါတယ်။

၁။ **ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးတယ်။**

ဗီတာမင်စီ အမြောက်အမြား ပါဝင်သောကြောင့် အအေးမိနဲ့ နှာစေးခြင်းမှ ကာကွယ်ပေးပြီး ကိုယ်ခံအားကို ကောင်းမွန်စေပါတယ်။

၂။ **အသားအရေကို လှပစေတယ်။**

ကော်လာဂျင်ထုတ်လုပ်မှုကို ကူညီပေးသောကြောင့် အရေးအကြောင်းများကို လျော့ပါးစေပြီး အသားအရေကို ကြည်လင်တောက်ပစေပါတယ်။

၃။ **နှလုံးကျန်းမာရေးကို လျှော့ချပေးတယ်။**

ပိုတက်စီယမ်နဲ့ အမျှင်ဓာတ်များ ပါဝင်သောကြောင့် သွေးတိုးကျစေပြီး နှလုံးရောဂါဖြစ်ပွားမှုကို လျှော့ချပေးပါတယ်။

၄။ **အစာခြေစနစ်ကို ကောင်းမွန်စေတယ်။**

အမျှင်ဓာတ်(ဖိုက်ဘာ)ကြွယ်ဝစွာ ပါဝင်သောကြောင့် ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပါတယ်။

၅။ **အမြင်အာရုံကို ကောင်းမွန်စေတယ်။**

ဗီတာမင်အေ ပါဝင်မှုကြောင့် မျက်စိအမြင်အာရုံကို ကောင်းမွန်စေပါတယ်။

**သတိပြုရန်**

လိမ္မော်သီးမှာ အက်စစ်ဓာတ် ပါဝင်သောကြောင့် အစာအိမ်ရောဂါရှိသူများ အလွန်အကျွံစားသုံးခြင်းမှ ရှောင်ကြဉ်သင့်ပါတယ်။

**"အာရောဂျံ ပရမံ လာဘံ"**

ကိုးကား – **Tik Tok**



# နိုင်ငံတကာ အားကစား သတင်းများ

## ဆိုဘို့ဆလိုင်းကို စာချုပ်သက်တမ်းတိုးရန် လီဗာပူးအသင်းစီစဉ်



**လန်ဒန် ဇန်နဝါရီ ၂၃**

လီဗာပူးအသင်းသည် အသင်းကွင်းလယ်ကစားသမား ဆိုဘို့ဆလိုင်းကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၄ ပွဲကစားပြီး ၂၂ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

လီဗာပူးအသင်း၏ထုတ်ပြန်ချက်တွင် "ဆိုဘို့ဆလိုင်းကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

**(ယာပုံ) (NGB)**

## ဂျက်ဂရီလစ်ရှ် အရိုးအက်ဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ




**လန်ဒန် ဇန်နဝါရီ ၂၃**

အဲဗာတန်အသင်း ကွင်းလယ်ကစားသမား ဂျက်ဂရီလစ်ရှ် အရိုးအက်ဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အဲဗာတန်အသင်းက အက်စတွန်ဗီလာအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျက်ဂရီလစ်ရှ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အဲဗာတန်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၀)နှစ် အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းမှ အဲဗာတန်အသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၁၉ ပွဲ ကစားပြီး နှစ်ဂိုး သွင်းယူထားသည်။

**(အပေါ်ပုံ) (NGB)**

## ဂျက်ကိုအား ရှော်လ်ကေး အသင်း ခေါ်ယူ




**လန်ဒန် ဇန်နဝါရီ ၂၃**

ရှော်လ်ကေးအသင်းသည် ဖီအိုရင်တီးနားအသင်းနှင့် လမ်းခွဲခဲ့သည့် တိုက်စစ်မှူး ဂျက်ကိုအား ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၉)နှစ် အရွယ်ရှိ တိုက်စစ်မှူးသည် ရှော်လ်ကေးအသင်းတွင် ကျောနံပါတ် (၁၀) ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဂျက်ကိုသည် ကစားသမားဘဝတစ်လျှောက်တွင် အင်တာမီလန်၊ ရိုးမား၊ ဖီအိုရင်တီးနား၊ ဖီနာဘာချီ၊ မန်စီးတီး၊ ဝုဖ်ဘတ်စသည့်အသင်းများတွင် ကစားခဲ့ပြီးအတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ရှော်လ်ကေးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။**(အပေါ်ပုံ)(NGB)**

## 2026 Australian Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ Iga Swiatek တက်ရောက်

**မဲလ်ဘုန်း ဇန်နဝါရီ ၂၃**

ဩစတြေးလျနိုင်ငံတွင် ကျင်းပလျက်ရှိသော နာမည်ကျော် အမျိုးသမီးတင်းနစ် ပြိုင်ပွဲဖြစ်သည့် 2026 Australian Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။

အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2026 Australian Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ချက်တင်းနစ်မယ် Marie Bouzkova ကို ၆-၂၊ ၆-၃ ဖြင့် အနိုင်ရရှိပြီး တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Australian Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် ရုရှားတင်းနစ်မယ် Anna Kalinskaya တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**



## နီးလ်မော်ပေးကို ခေါ်ယူရန် ဆီဗီလာအသင်း စီစဉ်

**မက်ဒရစ် ဇန်နဝါရီ ၂၃**

ဆီဗီလာအသင်းသည် မာဆေးလ်အသင်း တိုက်စစ်မှူး နီးလ်မော်ပေးကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် မာဆေးလ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၇ပွဲကစားပြီး ငါးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆီဗီလာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

မာဆေးလ်အသင်းကလည်း နီးလ်မော်ပေးအတွက် သင့်တင့်သည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ဆီဗီလာအသင်း အနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် မာဆေးလ်အသင်းထံမှ နီးလ်မော်ပေးကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)(NGB)**



### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၄) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၄-၁-၂၀၂၆<br>စနေနေ့ | ညနေ၄:၀၀နာရီ | (၆)ဟံသာဝတီ - ရှေ့ဝတီ(၉)<br>(L,D,W,W,L) (D,D,D,L,L) | ဟံသာဝတီ ၀-၂ ရှေ့ဝတီ<br>ရှေ့ဝတီ ၀-၁ ဟံသာဝတီ |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၄-၁-၂၀၂၆<br>ည ၇:၀၀နာရီ | (၁၈)ဝက်စ်ဟမ်း - ဆန်းဒါးလန်း(၉)<br>(D,L,L,W,W) (D,D,L,W,W) | ဝက်စ်ဟမ်း ၁-၀ ဆန်းဒါးလန်း<br>ဆန်းဒါးလန်း ၂-၂ ဝက်စ်ဟမ်း |
| ၂၄-၁-၂၀၂၆<br>ည ၉:၃၀ နာရီ | (၁၉)ဘန်လေ - စပါး(၁၄)<br>(L,L,D,W,D) (D,L,L,L,W) | ဘန်လေ ၂-၅ စပါး<br>စပါး ၂-၁ ဘန်လေ |
| ။ | (၁၁)ဖူလ်ဟမ် - ဘရိုက်တန်(၁၂)<br>(D,D,W,W,L) (D,W,D,W,D) | ဖူလ်ဟမ် ၃-၁ ဘရိုက်တန်<br>ဘရိုက်တန် ၂-၁ ဖူလ်ဟမ် |
| ။ | (၂)မန်စီးတီး - ဝုဗ်(၂၀)<br>(D,W,W,L,L) (D,W,D,W,D) | မန်စီးတီး ၁-၀ ဝုဗ်<br>ဝုဗ် ၁-၂ မန်စီးတီး |
| ၂၅-၁-၂၀၂၆<br>နံနက် ၀၀:၀၀ နာရီ | (၁၅)ဘုန်းမောက် - လီဗာပူး(၄)<br>(D,L,W,L,D) (D,D,W,D,W) | ဘုန်းမောက် ၀-၂ လီဗာပူး<br>လီဗာပူး ၃-၀ ဘုန်းမောက် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၄-၁-၂၀၂၆<br>ည ၈:၃၀နာရီ | (၆)ကိုမို -တိုရီနို(၁၄)<br>(W,W,D,L,W) (W,L,L,W,L) | ကိုမို ၁-၀ တိုရီနို<br>တိုရီနို ၁-၀ ကိုမို |
| ၂၄-၁-၂၀၂၆<br>ည ၁၁:၃၀ နာရီ | (၁၇)ဖီအိုရင်တီးနား-ကက်ဂလီယာရီ(၁၅)<br>(L,W,D,D,W) (W,L,D,L,W) | ဖီအိုရင်တီးနား ၁-၀ ကက်ဂလီယာရီ<br>ကက်ဂလီယာရီ ၁-၂ ဖီအိုရင်တီးနား |
| ၂၅-၁-၂၀၂၆<br>နံနက် ၀၂:၁၅ နာရီ | (၁၈)လက်ချီ - လာဇီယို(၉)<br>(D,L,L,L,L) (D,L,D,W,L) | လက်ချီ ၁-၂ လာဇီယို<br>လာဇီယို ၀-၁ လက်ချီ |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၄-၁-၂၀၂၆<br>ည၁၀:၃၀နာရီ | (၆)ရင်းနက်စ် - လိုရီယန့်(၁၂)<br>(W,W,W,W,D) (D,W,D,W,W) | ရင်းနက်စ် ၁-၂ လိုရီယန့်<br>လိုရီယန့် ၂-၁ ရင်းနက်စ် |
| ၂၅-၁-၂၀၂၆<br>နံနက်၀၀:၃၀နာရီ | (၁၄)လီဟာဗာ - မိုနာကို(၉)<br>(D,L,L,W,D) (W,L,W,L,L) | လီဟာဗာ ၁-၁ မိုနာကို<br>မိုနာကို ၃-၁ လီဟာဗာ |
| ၂၅-၁-၂၀၂၆<br>နံနက်၀၂:၁၅နာရီ | (၃)မာဆေးလ် - လန့်စ်(၁)<br>(L,L,W,W,L) (W,W,W,W,W) | မာဆေးလ် ၀-၁ လန့်စ်<br>လန့်စ် ၁-၃ မာဆေးလ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၄-၁-၂၀၂၆<br>ည ၇:၃၀နာရီ | (၁၃)ဗယ်လက်ကာနို - အိုဆာဆူနာ(၁၂)<br>(D,W,W,L,L) (W,D,L,L,W) | ဗယ်လက်ကာနို ၃-၁ အိုဆာဆူနာ<br>အိုဆာဆူနာ ၁-၁ ဗယ်လက်ကာနို |
| ၂၄-၁-၂၀၂၆<br>ည ၉:၄၅ နာရီ | (၁၇)ဗလင်စီယာ - အက်စ်ပန်ညို(၅)<br>(D,L,D,W,W) (W,W,L,D,L) | ဗလင်စီယာ ၁-၁ အက်စ်ပန်ညို<br>အက်စ်ပန်ညို ၁-၁ ဗလင်စီယာ |
| ၂၅-၁-၂၀၂၆<br>နံနက် ၀၀:၀၀ နာရီ | (၁၄)ဆီဗီလာ - ဘီလ်ဘာအို(၁၀)<br>(L,L,L,L,D) (D,L,W,L,W) | ဆီဗီလာ ၀-၁ ဘီလ်ဘာအို<br>ဘီလ်ဘာအို ၁-၁ ဆီဗီလာ |
| ၂၅-၁-၂၀၂၆<br>နံနက် ၀၂:၃၀ နာရီ | (၃)ဗီလာရီးရဲလ် - ရီးရဲလ်မက်ဒရစ်(၂)<br>(L,W,W,L,L) (W,L,L,W,W) | ဗီလာရီးရဲလ် ၁-၂ ရီးရဲလ်မက်ဒရစ်<br>ရီးရဲလ်မက်ဒရစ် ၂-၀ ဗီလာရီးရဲလ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၄-၁-၂၀၂၆<br>ည၉:၀၀နာရီ | (၆)လေဗာကူဆင် - ဝါဒါဘရီမင်(၁၃)<br>(W,W,L,L,L) (L,D,D,L,D) | လေဗာကူဆင် ၀-၂ ဝါဒါဘရီမင်<br>ဝါဒါဘရီမင် ၂-၂ လေဗာကူဆင် |
| ။ | (၁)ဘိုင်ယန်မြူးနစ် - အော့စ်ဘတ်(၁၅)<br>(W,W,W,W,W) (L,D,L,D,D) | ဘိုင်ယန်မြူးနစ် ၃-၀ အော့စ်ဘတ်<br>အော့စ်ဘတ် ၁-၃ ဘိုင်ယန်မြူးနစ် |
| ။ | (၇)ဖရန့်ဖွတ် - ဟော့ဖန်ဟိမ်း(၃)<br>(D,D,L,D,L) (L,W,D,W,W) | ဖရန့်ဖွတ် ၃-၁ ဟော့ဖန်ဟိမ်း<br>ဟော့ဖန်ဟိမ်း ၂-၂ ဖရန့်ဖွတ် |
| ။ | (၁၆)ဟိုင်ဒန်ဟိမ်း - လိုက်ပဇစ်(၅)<br>(L,L,D,L,D) (W,L,L,W,L) | ဟိုင်ဒန်ဟိမ်း ၀-၁ လိုက်ပဇစ်<br>လိုက်ပဇစ် ၂-၂ ဟိုင်ဒန်ဟိမ်း |
| ။ | (၁၇)မိန့်ဇ် - ဝုဗ်ဘတ်(၁၂)<br>(W,D,D,W,L) (L,D,L,W,D) | မိန့်ဇ် ၂-၂ ဝုဗ်ဘတ်<br>ဝုဗ်ဘတ် ၄-၃ မိန့်ဇ် |
| ၂၅-၁-၂၀၂၆<br>နံနက်၀၀:၀၀နာရီ | (၉)ယူနီယံဘာလင် - ဒေါ့မွန်(၂)<br>(W,W,D,D,D) (W,D,W,W,L) | ယူနီယံဘာလင် ၂-၁ ဒေါ့မွန်<br>ဒေါ့မွန် ၆-၀ ယူနီယံဘာလင် |

❖ ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ လွှတ်တော်အတွင်းကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေရေးအတွက် ယခုကျင်းပမည့်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကို ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်(MMP-Mixed Member Proportion System) ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်...

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် မကွေးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၄၁ ဦးနှင့် အမျိုးသမီး ရှစ်ဦး ပေါင်း ၁၄၉ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်များအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့ပြီး မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်း၊ သပိတ်ကျင်း၊ မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းများအား အပြည့်အဝ ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့မှု အပေါ်

စာမျက်နှာ ၈ သို့ ❖



### ယနေ့ ဖတ်စရာအညွှန်း

ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ
စာမျက်နှာ ၂

ကမ္ဘာ့လူတုစက်ရုပ် ဈေးကွက်ကို တရုတ်ကုမ္ပဏီများက ကြီးစိုးထား
စာမျက်နှာ ၁၃



## ဒဂုံပေါ့အသင်းကို ဂိုးပြတ်အနိုင်ယူပြီး ရမှတ်ပြည့်ရယူခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်း

**ရန်ကုန် ဇန်နဝါရီ ၂၃**

၂၀၂၅-၂၀၂၆ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ (week-14) ပွဲစဉ်တစ်ပွဲဖြစ်သည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ ယနေ့ညနေက YUSC ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်အသင်းက လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို မောင်မောင်လွင်၊ အိုတိုဆိုင်တို၊ ရင်တာရိဟားမားနှင့် ရှုတိုတို့က သွင်းယူပေးခဲ့ကြသည်။

ယနေ့ပွဲစဉ်သည် ရန်ကုန်ယူနိုက်တက်အသင်း၏ ဂျပန်ကစားသမား သုံးဦးစလုံး ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဦးဆုံးပွဲစဉ်တစ်ပွဲလည်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲစဉ် ၁၄ ပွဲကစား၊ ၁၁ ပွဲနိုင်၊ ၂ ပွဲသရေ၊ ၁ ပွဲရှုံး၊ ရမှတ် ၃၅ မှတ်ရရှိထားပြီး လာမည့် ဇန်နဝါရီ ၃၀ ရက်တွင် အား/ကာသိပ္ပံအသင်းနှင့် သုဝဏ္ဏကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ (NGB)

## ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများအား ပထမအကြိမ် ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဇန်နဝါရီ ၂၃**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား တိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေသည့် နိုင်ငံခြားသားများကိုလည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေးကာ ပါဝင်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်း ပေးအပ်သည့်အပြင် အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး

စာမျက်နှာ ၉ သို့ ❐




ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်စဉ်။

## ကက်စီမီရို ယခုနှစ် ဘောလုံးရာသီအကုန်တွင် မန်ယူအသင်းမှ ထွက်ခွာမည်

**လန်ဒန် ဇန်နဝါရီ ၂၃**

ကက်စီမီရို ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ထွက်ခွာတော့မည်ဖြစ်ကြောင်း မန်ယူအသင်းမှ အတည်ပြုကြေညာခဲ့သည်။

မန်ယူအသင်းသည် ကက်စီမီရိုအား တစ်နှစ်သက်တမ်းတိုးနိုင်သည့် သဘောတူညီချက်ရှိနေခဲ့သော်လည်း ကွင်းလယ်ပိုင်း ပြန်လည်ပြင်ဆင်သွားမည့်ရည်ရွယ်ချက်ကြောင့် ၄င်းအား သက်တမ်းထပ်မတိုးဘဲ အသင်းမှ ထွက်ခွာခွင့်ပေးခဲ့သည်။ ကက်စီမီရိုသည် မန်ယူ အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၄၆ပွဲ ကစားကာ ၂၁ဂိုးထိ သွင်းယူနိုင်ခဲ့သည်။ (NGB)